မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်   ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ စနေနေ့၊   အတွဲ [၅၅]၊ အမှတ် [၀၆၆]

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော်   ဒီဇင်ဘာ   ၅

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းဘုရင်မင်းမြတ်ဘူမိဘော အဒူလျာဒက်ဂျ် ၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ဘူမိဘော အဒူလျာဒက်ဂျ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ညင်သာချောမွေ့သည့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိ



**နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နိုင်ငံတစ်ဝန်းရှိ ပြည်သူများထံပေးပို့သည့် သဝဏ်လွှာ**

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်**

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကို မောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား။**

မိဘပြည်သူများထံ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ ပထမပတ်အတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ သဝဏ်လွှာပေးပို့အပ်ပါသည်။

ကျွန်တော်တို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အဓိကကျသည့် အဆင့်တစ်ခုဖြစ်သော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို ပြီးခဲ့သည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့်လည်း ရွေးကောက်ပွဲမတိုင်မီကာလများကတည်းက ကြိုတင်ပြောကြားခဲ့သည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရန်အတွက် အုပ်ချုပ်ရေးကဏ္ဍမှ အကောင်းဆုံးဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံရေးဖြစ်စဉ်အတွင်း ပြည်သူများ ပါဝင်လာနိုင်ရန်အတွက် ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့သည့် ငါးနှစ်တာကာလအတွင်းအရေးကြီးသည့် နိုင်ငံရေးအခြေခံများကို တည်ဆောက်ခဲ့ပါသည်။ နိုင်ငံရေးဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံရေးဖြစ်စဉ်များ အရှိန်မြင့်တက်လာသည်နှင့်အမျှ ပြည်သူများ၏ နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေးရေချိန် မြင့်မားလာခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# အင်းလေးကန် ဇီဝအဝန်းနယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေး



သတင်းနှင့်ဓာတ်ပုံ-နေမျိုးသူရိန်

ညောင်ရွှေ   ဒီဇင်ဘာ   ၄

အင်းလေးကန်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (ယူနက်စကို)က ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် လူသားနှင့် ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကောင်စီ အစည်းအဝေးတွင် အတည်ပြုသတ်မှတ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံ ၁၂၀ တွင် ဇီဝအဝန်းနယ်မြေပေါင်း ၆၅၁ ခု သတ်မှတ်ထားရှိရာ အင်းလေးကန်ဒေသ ဇီဝအဝန်းနယ်မြေသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❐

ယနေ့ ဖတ်စရာ

မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး   စာ ၃

အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရေးတာဝန်အားလုံး ထမ်းဆောင်ခွင့်ပြု   စာ ၄

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမ အစည်းအဝေး ဒုတိယနေ့ ကျင်းပ   စာ ၅



# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ပိုလီယိုကင်းစင်မြန်ပြည်တစ်ခွင်

နိုင်ငံတော်အနေဖြင့် ကျန်းမာသန်စွမ်းသော သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် ကလေးငယ်များအား မွေးကင်းစအရွယ်မှ စတင်ကာ ကာကွယ်ဆေးအမျိုးမျိုးကို စီမံချက်များချမှတ်၍ ထိုးနှံပေးလျက်ရှိပါသည်။ အထူးသဖြင့် ဘီပိုး၊ စီပိုး၊ ကြက်ညှာချောင်းဆိုး၊ ဝက်သက်နှင့် ဂျိုက်သိုးအစရှိသဖြင့် ကလေးဘဝတွင်ဖြစ်ပွားတတ်သော ရောဂါအမျိုးမျိုးမှ ကင်းဝေးစေရန် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဤတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး အစီအစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ပိုလီယိုကာကွယ်ဆေးကို ယခင်က ဆေးတိုက်ကျွေးခြင်းသာ ဖြစ်သော်လည်း ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။ ပိုလီယိုရောဂါသည် ပိုလီယိုအရိုင်းရောဂါ ဘီပိုးကူးစက်ခံရခြင်းကြောင့်ဖြစ်ပြီး ထိရောက်စွာ ကာကွယ်ကုသနိုင်ခြင်းမရှိပါက အကြောသေ၍မသန်စွမ်းဘဝသို့ ရောက်ရှိနိုင်ပါသည်။ ပိုလီယိုကာကွယ်ဆေးမပေါ်မီက ကလေးအားလုံးနီးပါး ပိုလီယိုရောဂါကူးစက်ခံရပြီး ကလေး ၂၀၀ တွင် တစ်ဦးမှာ အကြောသေရောဂါ ဖြစ်ပွားခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံ၌ ပိုလီယိုအရိုင်းပိုးကူးစက်မှု ဖြစ်ပွားခဲ့ရာမှ ကလေးပေါင်း ၃၅၀၀၀၀ ခန့်သည် အကြောသေပြီး မသန်စွမ်းသည့်ဘဝသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မြန်မာနိုင်ငံကို ပိုလီယိုရောဂါ အရိုင်းပိုးလုံးဝကင်းစင်သည့် နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကြေညာနိုင်ခဲ့ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် ပိုလီယိုအရိုင်းရောဂါပိုးတွေ့ရှိသည့် နိုင်ငံနှစ်နိုင်ငံသာ ကျန်ရှိတော့ကြောင်း သိရပါသည်။ သို့သော်လည်း ပိုလီယိုရောဂါ ကမ္ဘာပေါ်မှ လုံးဝပျောက်ကွယ်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ၂၀၁၂ ခုနှစ် မေလတွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် ပိုလီယိုလုံးဝကင်းစင်ပပျောက်ရေးလုပ်ငန်း မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၁၈) ချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဤစီမံကိန်းအရ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလမှစတင်ကာ ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း စီမံချက်ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ ပိုလီယိုရောဂါပိုးအမျိုးအစား နှစ်မျိုးပါဝင်သော ကာကွယ်ဆေးကို ၂၀၁၆ ခုနှစ် ဧပြီလကုန်တွင် ပြောင်းလဲသုံးစွဲမည်ဖြစ်ရာ ယခုအခါ ပိုလီယိုရောဂါပိုး အမျိုးအစား သုံးမျိုးစလုံးပါဝင်သော ပိုလီယိုရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အသက်လေးလအရွယ်ကလေးများမှ စတင်ကာ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ပိုလီယိုကာကွယ်ဆေးများသည် ပြင်ပဆေးရုံဆေးခန်းများတွင် ရရှိနိုင်သော ဆေးဝါးများမဟုတ်ပါ။ တန်ဖိုးအားဖြင့် ဈေးနှုန်းကြီးမြင့်သောဆေးဝါးများဖြစ်ပါသည်။ အနည်းဆုံး ကလေးတစ်ဦးအတွက် ကာကွယ်ဆေးထိုးနှံမည်ဆိုပါက အမေရိကန်ဒေါ်လာ ခုနစ်ဒေါ်လာခန့် ကုန်ကျမှုရှိနိုင်ကြောင်း သိရပါသည်။ သို့ဖြစ်၍ မိဘများအနေဖြင့် မိမိတို့သားသမီးများ အနာရောဂါကင်း၍ ကျန်းမာသန်စွမ်းသူများဖြစ်စေရန်နှင့် တစ်နိုင်ငံလုံး လုံခြုံစိတ်ချရသည့် ပိုလီယိုလုံးဝကင်းစင်သောနိုင်ငံဖြစ်စေရန် ယခုကဲ့သို့ ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တွင် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## ကမ္ဘာ့ဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် ချေးငွေများချေးပေးလိုရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသာသည် The World Bank မှ Henrike Brecht ဦးဆောင်သည့် အဖွဲ့အား ဒီဇင်ဘာ ၃ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဦးအေးမောက်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကြည်ပြုံး၊ ဦးခွန်သိန်းဖေ၊ ဦးကျန်ထွန်း၊ ဒေါ်ခင်မွှေးလွင်၊ ဒေါ်ဖြူဖြူသင်း၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးသန်းဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်မှ တိုးတက်မှုနည်းပါးသော ပြည်နယ်များအတွက်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက်လည်းကောင်း၊ ကျေးလက်စိုက်ပျိုးရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ချေးငွေများချေးပေးလိုခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ဆိုင်းဘုတ်ရှိသော်လည်း လိုက်နာမှု အားနည်းနေ ထင်သာမြင်သာပြုပြင်စရာ



မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် မြယာကုန်းလမ်း မီးပွိုင့်အနီးအနား၌ အနီရောင်ဆိုင်းဘုတ်ပေါ်တွင် အဖြူစာလုံးဖြင့် မည်သည့်ယာဉ်မျှ မရပ်ရ ရေးထားသော်လည်း ယာဉ်များ လိုက်နာမှု အားနည်းနေကြောင်း တွေ့မြင်နေရသည်။

အဆိုပါ မီးပွိုင့်နေရာသည် ယာဉ်များ အလွန်ရှုပ်ထွေးသောနေရာဖြစ်သည်က တစ်ကြောင်း၊ လမ်းပလက်ဖောင်းမရှိ၍ ပြည်သူများလမ်းသွားလာရာတွင် ကားလမ်းမပေါ်မှသွားနေရသည်က တစ်ကြောင်းတို့ကြောင့် ယာဉ်အန္တရာယ်များ ဖိတ်ခေါ်နေသလိုဖြစ်နေသည်။

အဆိုပါ နေရာတွင် မည်သည့်ယာဉ်မှမရပ်နားရဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော်လည်း နေရာတိုင်းတွင် ကားများရပ်ထားကာ အဝယ်အရောင်းများ ပြုလုပ်နေကြကြောင်း၊ သက်ဆိုင်ရာမှ ရပ်ထားသည့် ကားများကို ဖမ်းဆီးမည်ဟု တစ်ဦးတစ်ယောက်က ဖုန်းဖြင့် သတင်းပေးလိုက်သည်နှင့် ကားများမောင်းသွားကြကြောင်း၊ ဖမ်းမည့်သူများ ပြန်သွားသည်နှင့် တစ်ပြန်နက် ကားများ ပြန်ရောက်လာကြကြောင်း တွေ့မြင်နေပါသည်။ သို့ဖြစ်၍ လမ်းအသုံးပြုသူ ပြည်သူများ ယာဉ်အန္တရာယ်ကင်းစင်စေရေးအတွက် အဆိုပါလမ်းကို အများပြည်သူအသုံးပြုနိုင်သည့် လမ်းအဖြစ် ဆောင်ရွက်ပေးစေလိုကြောင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက လိုလားလျက်ရှိကြသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**




## ပိုလီယိုထိုးဆေး စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်း

**ပျဉ်းမနား ဒီဇင်ဘာ ၄**

ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး) IPV စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်းပွဲ(မြို့နယ်အဆင့်)ကို နိုဝင်ဘာလ စတုတ္ထပတ်က ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခုတင် ၂၀၀ ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ပိုလီယိုအကြောသေရောဂါ လုံးဝပျောက်ရေး မဟာဗျူဟာများစီမံကိန်း (၂၀၁၃-၂၀၁၈) နည်းဗျူဟာများ၊ ပိုလီယိုအကြောသေရောဂါ အစက်ချဆေး အကြောင်းနှင့် ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးထိုးဆေး IPV အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းပိုလီယို အကြောသေရောဂါကာကွယ်ဆေးထိုးဆေး IPV ကို ၂၀၁၅ ဒီဇင်ဘာလမှစ၍ အသက်လေးလအရွယ် ကလေးများတွင် ပိုလီယိုအစက်ချဆေး ဒုတိယအကြိမ်နှင့်အတူ တစ်ပြိုင်တည်း စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

✿ ရှေ့ဖုံးမှ

စေ့စပ်ဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကိုလည်း အုတ်မြစ်ချနိုင်ခဲ့သည့်အတွက် နိုင်ငံရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့ပါသည်။ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့ခြင်းများ၏ ရလဒ်ကောင်းအနေဖြင့် ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစု အားလုံးပါဝင်လာပြီး လွတ်လပ်မှုအရှိဆုံးရွေးကောက်ပွဲ ကြီးကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသည့် ပါတီများနှင့် ကိုယ်စားလှယ်များကိုလည်း ကျွန်တော့်အနေဖြင့် ဂုဏ်ပြုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် အနိုင်မရရှိခဲ့သည့်တိုင် စည်းကမ်းတကျ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ ဤရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ မှတ်တိုင်တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ ဖြတ်သန်းနေရသည့် အနေအထားအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆက်လက်အောင်မြင်ရန်နှင့် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကိစ္စရပ်များသည်လည်း အစိုးရတိုင်းက အလေးထားစဉ်းစားရမည့် ကိစ္စရပ်များဖြစ်ပါသည်။

အစိုးရသစ်ဖွဲ့စည်းရေးနှင့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ်အတွက် စိုးရိမ်ပူပန်မှုများရှိသည်ကိုလည်း ကြားသိရပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လျှောက်လှမ်းနေဆဲနိုင်ငံများတွင် ယခုကဲ့သို့ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်တတ်ခြင်းသည် သဘာဝကျသည့် ကိစ္စဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် ညင်သာချောမွေ့သည့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အစိုးရအပြောင်းအလဲဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်း အားလုံးနှင့် ဝန်ထမ်းအားလုံးကို လိုအပ်သည့်ညွှန်ကြားချက်များ ပေးပြီး အစီအမံများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော့်အနေဖြင့် ဤဖြစ်စဉ်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒီဇင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ အချိန်ကာလမျိုးတွင် နိုင်ငံရေးတည်ငြိမ်မှုရှိရန် အထူးအရေးကြီးသည့်အတွက် နိုင်ငံရေးအင်အားစုများ အားလုံးအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်အပြိုင် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်သည်လည်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းများ ရရှိနေပါသည်။

## ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်အပြိုင် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည်လည်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းများရရှိနေ

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အချိန်ဇယားအတိုင်း ပစ်ခတ်တိုက်ခိုက်မှုများကို ရှောင်လွှဲနိုင်ရန်အတွက် ကော်မတီများဖွဲ့စည်းပြီး ကျင့်ဝတ်များ၊ လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ တစ်ဆက်တည်းတွင် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း နိုင်ငံရေးအင်အားစုအားလုံး ပူးပေါင်းပါဝင်သည့် ကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းမူဘောင်ကို မကြာမီရက်အနည်းငယ်အတွင်း အပြီးသတ်ရေးဆွဲနိုင်တော့မည်ဖြစ်သည်ကိုလည်း အသိပေးပြောကြားလိုပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သဘောတူရေးဆွဲထားသော NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့များအနေဖြင့်လည်း ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများ၏ဘဝများကို ထည့်သွင်းစဉ်းစားပြီး အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးကြရန် တိုက်တွန်းအပ်ပါသည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းကို စွဲကိုင်ပြီး မိမိတို့၏ နိုင်ငံရေးလိုလားချက်များကို ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ကြရန်လည်း အလေးအနက်ထားပြီး ထပ်မံတိုက်တွန်းအပ်ပါသည်။

ကျွန်တော့်အနေဖြင့် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးတက်ရောက်လာကြသည့် ခေါင်းဆောင်များအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ညင်သာစွာအသွင်ကူးပြောင်းရေး လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အစိုးရကို ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ယခုကဲ့သို့ ဒေသအတွင်း ထူးခြားသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်ဝင်လာခြင်းနှင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ကျွန်တော်တို့ မြန်မာပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအဖြစ် ကျွန်တော့်အနေဖြင့် ရှုမြင်ပါသည်။

နိုဝင်ဘာလ ၁၃ ရက်နေ့ ညနေပိုင်း ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်းတစ်ရာကျော် အသက်ဆုံးရှုံးခဲ့ရသည်ကို ဝမ်းနည်းဖွယ်ကြားသိရပါသည်။ ထိုဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ပြင်သစ်ပြည်သူများအားလုံးနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း ကြေညာအပ်ပါသည်။ မြန်မာပြည်သူများ အနေဖြင့်လည်း ပြင်သစ်ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲလျက်ရှိကြောင်း အလေးအနက်ဖော်ပြအပ်ပါသည်။

လူသားများ၏ လွတ်လပ်မှု၊ ယုံကြည်မှုနှင့် အေးချမ်းစွာဘဝရှင်သန်မှုတို့ကို ခြိမ်းခြောက်နေသည့် မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ကမ္ဘာ့ပြည်သူများအားလုံးက တညီတညွတ်တည်း ရှုတ်ချရမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့်လည်း ထိုအစွန်းရောက် အကြမ်းဖက်မှုများကို လက်တွဲတိုက်ဖျက်သွားရမည် ဖြစ်ပါသည်။ ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသည့် မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့်အတူ လက်တွဲတွန်းလှန်သွားမည်ဟု ထပ်လောင်းဖော်ပြအပ်ပါသည်။

ဖားကန့်ဒေသတွင် ဖြစ်ပွားခဲ့သည့် မြေပြိုကျမှုအတွင်း အသက်ဆုံးပါးသွားခဲ့ရသော ပြည်သူများနှင့် ကျန်ရစ်သည့်မိသားစုများအတွက် ကျွန်တော့်အနေဖြင့် ဝမ်းနည်းမိပါကြောင်း ဦးစွာပြောကြားလိုပါသည်။ ယခုကဲ့သို့ အန္တရာယ်များသည့် လုပ်ငန်းခွင်များအတွက် မူဝါဒဆိုင်ရာများကို ပြန်လည်သုံးသပ်ရန် လိုနေပြီဆိုသည်ကို သင်ခန်းစာရယူရမည်ဖြစ်ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အကာအကွယ်ကိရိယာ အစုံအလင်ရှိရေးနှင့် အလျှင်အမြန်ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရေး စသည့် ထိန်းကျောင်းမှုများ၊ စည်းကမ်းများကိုလည်း အထူးတင်းကျပ်ရမည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစုများအတွက်လည်း ဆောင်ရွက်ရမည့် အစီအမံများကို ဒေသအာဏာပိုင်များအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော့်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန် လည်းကောင်း၊ ပြည်သူများ၏ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်များ ဖန်တီးပေးနိုင်စေရန်လည်းကောင်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Liu Zhenmin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီကနေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

✿ ရှေ့ဖုံးမှ

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ် ဝိနိုင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ထိုင်းနိုင်ငံအတွင်း အိုင်အက်စ်နှင့်ဆက်နွှယ်သူများ ဝင်ရောက်လာ

**ဗန်ကောက် ဒီဇင်ဘာ ၄**

ရုရှား၏ အကျိုးစီးပွားများကို တိုက်ခိုက်ရန် အောက်တိုဘာလအတွင်းက ထိုင်းနိုင်ငံအတွင်း အိုင်အက်စ်နှင့်ဆက်နွှယ်သောဆီးရီးယားများဝင်ရောက်လာခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာနမှ သတင်းပေါက်ကြားမှုကို ကိုးကားလျက် ထိုင်းရဲတပ်ဖွဲ့က ပြောဆိုလိုက်သည်။

ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား ပါဝင်တိုက်ခိုက်သည့် ရုရှားတို့၏ အကျိုးစီးပွားနေရာများကို ပစ်မှတ်ထား တိုက်ခိုက်လာနိုင်ကြောင်း အထူးရဲတပ်ဖွဲ့၏ မှတ်တမ်းတွင် ဖော်ပြသည်။



ရုရှားနိုင်ငံက စက်တင်ဘာ ၃၀ ရက်တွင် ဆီးရီးယားလေကြောင်းတိုက်ခိုက်မှုစတင်ကာ လွန်ခဲ့သည့်သီတင်းပတ်များက တိုက်ခိုက်မှုများအရှိန်အဟုန်မြှင့်တင် လုပ်ဆောင်လာကြသည်။

အောက်တိုဘာလအတွင်းက လူပေါင်း ၂၂၄ ဦး သေဆုံးခဲ့သော ရုရှားလေကြောင်းလိုင်းပိုင်လေယာဉ် အီဂျစ်နိုင်ငံအတွင်း ပစ်ချခံရခြင်းမှာ အိုင်အက်စ်တို့က ယင်းတို့လက်ချက်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမျိုးသားလုံခြုံရေး ကိုင်တွယ်ဆောင်ရွက်နေသော ထိုင်းအထူးရဲတပ်ဖွဲ့က အဆိုပါ သတင်းပေါက်ကြားမှုဆိုင်ရာ မှတ်တမ်းကို အခြားရဲတပ်ဖွဲ့ ဌာနများသို့လည်း ဖြန့်ဝေပေးခဲ့ကြောင်း ထိပ်တန်းရဲအရာရှိနှစ်ဦးက ရိုက်တာသို့ပြောသည်။

အောက်တိုဘာ ၁၅ ရက်နှင့် ၃၁ ရက်အကြား ထိုင်းနိုင်ငံအတွင်း ဝင်ရောက်လာသော ဆီးရီးယားနိုင်ငံသား ၁၀ ဦးအား ရုရှားထောက်လှမ်းရေးက သတိပေးထားကြောင်း ထိုင်းအထူးရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၇ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါ မှတ်တမ်းအား ကြာသပတေးနေ့က လူမှုမီဒီယာများသို့ ဖြန့်ဝေခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ဆိုဗီယက်ခေတ်က ဝါဒဖြန့်မှုပုံစံ တူရကီလက်မခံ ဆီးရီးယားနယ်စပ်ကို လုံခြုံအောင်လုပ်မည်ဆို



**တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူ**

**အန်ကာရာ ဒီဇင်ဘာ ၄**

တူရကီနိုင်ငံအနေဖြင့် အိုင်အက်စ်တို့ထံမှ ရေနံဝယ်ယူနေသည်ဟု ရုရှားက စွပ်စွဲလိုက်ခြင်းသည် ဆိုဗီယက်ခေတ်ကဝါဒဖြန့်ပုံစံအတိုင်း လုပ်နေ၍ လက်မခံနိုင်ကြောင်း တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူကပြောကြားလိုက်ပြီး နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံက ဆီးရီးယားနယ်စပ်ကို ဘေးကင်းလုံခြုံမှုရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

တူရကီသမ္မတ တေရစ်အာဒိုဂန်နှင့် မိသားစုသည် အီရတ်နှင့် ဆီးရီးယားနယ်မြေများကိုထိန်းချုပ်ထားသည့် အိုင်အက်စ်တို့ထံမှ ရေနံများ တရားမဝင်မှောင်ခိုရောင်းဝယ်ခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် အထောက်အထားဖြင့် ထုတ်ဖော်ပြောဆိုလိုက်သည်။

"ဒီလို ပြောဆိုလိုက်တာဟာ ဆိုဗီယက်ခေတ်ကဝါဒဖြန့်ပုံစံမျိုးပြုလုပ်လိုက်တာပါ။ နေ့စဉ်နဲ့အမျှ လိမ်ညာမှုတွေကို ဖန်တီးပြောဆိုပြီးကမ္ဘာကအထင်မှားအမြင်မှားဖြစ်အောင် လုပ်တာပါ" ဟု ဒါဗူတိုဂလူက ပြောသည်။

"ဒီလိုလုပ်ကြံပြောဆိုတာတွေက ရိုးနေပါပြီ၊ ဆိုဗီယက်ခေတ်က လိမ်ညာပြောဆိုမှုတွေကို ဘယ်သူက တန်ဖိုးထားမှာလဲ" ဟု အဇာဘိုင်ဂျန်သို့ အလုပ်သဘောခရီးစဉ် မထွက်မီသတင်းစာရှင်းလင်းပွဲ၌ ၎င်းကပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ အမေရိကန်က နောက်ထပ် အထောက်အထားတောင်းဆိုခဲ့ခြင်းအပေါ် ရုရှားတို့က ပယ်ချလိုက်ကြောင်း ဒါဗူတိုဂလူက ပြောသည်။ **(ရိုက်တာ)**

# ရုရှားနှင့် တူရကီ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ

**ဘဲလ်ဂရိတ် ဒီဇင်ဘာ ၄**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်လွတ်ဂါဗူဆိုဂလူတို့သည် နိုဝင်ဘာ ၂၄ ရက်က တူရကီတွင် ရုရှားတိုက်လေယာဉ်ကို ပစ်ချခံခဲ့ရပြီးနောက် ကြာသပတေးနေ့က ပထမဆုံးတွေ့ဆုံခဲ့ကြသည်။

၎င်းတို့သည် (၂၂)ကြိမ်မြောက် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးများ ကောင်စီအစည်းအဝေး၌ ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် သီးခြားတွေ့ဆုံခဲ့ကြသော်လည်း တံခါးပိတ်ဆွေးနွေးပွဲဖြစ်ခြင်းကြောင့် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း မရှိဟု ဆိုသည်။

တူရကီက ရုရှားစစ်လေယာဉ်ကို ပစ်ခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးသည် တင်းမာလျက်ရှိပြီး ရုရှားက တူရကီနှင့် စစ်ရေးဆက်ဆံမှုရပ်ဆိုင်းကာ စီးပွားရေးအရလည်း ပိတ်ဆို့ဒဏ်ခတ်မှုပြုလုပ်ထားသည်။ **(ဆင်ဟွာ)**

# တာလီဘန်ခေါင်းဆောင် မန်ဆိုး ဒဏ်ရာများဖြင့် သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၄**

တာလီဘန် ထိပ်တန်းခေါင်းဆောင် မူလာအက်(ခ်)တာ မိုဟာမက်မန်ဆိုးသည် ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း အာဖဂန်ဒုတိယဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ရာရှစ် ဒေါ့စတန်းက ၎င်း၏ တွစ်တာဝက်ဆိုက်တွင် ကြာသပတေးနေ့ နှောင်းပိုင်းက ဖော်ပြသည်။

မိုဟာမက်မန်ဆိုးသည် ဇူလိုင်လက သေဆုံးကြောင်း အတည်ပြုခဲ့သော မူလာမိုဟာမက်အိုမာနေရာတွင် ရောက်ရှိလာသော တာလီဘန် ခေါင်းဆောင်ဖြစ်သည်။

မိုဟာမက်မန်ဆိုးသည် ပါကစ္စတန်ကွက်တာမြို့ တိုက်ပွဲတွင် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသရုပ်မြင်သံကြားတွင် ထုတ်ပြန်ထားသည်။ တာလီဘန်ခေါင်းဆောင်ဟောင်းမူလာ အေမာခမ်းမူတာဂျီးကလည်း မူလာမန်ဆိုး သေဆုံးကြောင်း အတည်ပြု ပြော ကြားခဲ့သည်။ **(ဆင်ဟွာ)**

# ကိုင်ရိုမြို့ နိုက်ကလပ်တိုက်ခိုက်မှု အနည်းဆုံး လူ ၁၂ ဦးသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၄**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အမည်မသိစစ်သွေးကြွများက သောကြာနေ့တွင် နိုက်ကလပ်တစ်ခုကို တိုက်ခိုက်ခဲ့၍ အနည်းဆုံး ၁၂ ဦး သေဆုံးသွားကြောင်း နိုင်ငံပိုင် မီဒီယာက သတင်းဖော်ပြသည်။

မော်တော်ဆိုင်ကယ်စီးပြီး မျက်နှာဖုံးစွပ်ထားသူများက ကိုင်ရိုမြို့တောင်ပိုင်း အဂိုဇာခရိုင်ရှိ နိုက်ကလပ်တစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မီနာသတင်းဌာနက သတင်းဖော်ပြသည်။

အဆိုပါ ဖြစ်ပွားသည့်နေရာတွင် မီးလောင်ကျွမ်းခဲ့ပြီး အနည်းဆုံး ငါးဦးဒဏ်ရာ ရခဲ့ကြောင်း၊ သေဆုံးသူအားလုံးသည် အဆိုပါ နိုက်ကလပ်ဝန်ထမ်းများဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာတွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ၎င်းသတင်းဌာနက ထပ်လောင်းဖော်ပြသည်။ **(ဆင်ဟွာ)**

# အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရေးတာဝန်အားလုံး ထမ်းဆောင်ခွင့်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၄**

လက်နက်ကိုင်တပ်များအတွင်း ကျား၊ မခွဲခြားမှု အတားအဆီးများကို ပိုမိုကျော်လွှားနိုင်ရန် အမေရိကန်တပ်မတော်က အမျိုးသမီးများအား တိုက်ခိုက်ရေးများတွင် ပါဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ကြာသပတေးနေ့တွင် ပြောကြားသည်။

တိုက်ရည်ခိုက်ရည် အရည်အသွေးနှင့် အဆင့်အတန်းပြည့်ဝသော အမျိုးသမီးများသည် မိမိတို့မစ်ရှင်အတွက် ကူညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကာတာက ပင်တဂွန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"သူတို့ကို တင့်ကားမောင်းတာတွေ၊ မော်တာပစ်တာတွေ၊ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်တွေကို ဦးဆောင်သူတွေအဖြစ် ခွင့်ပြုလိုက်တာပါ။ ယခင်က အမျိုးသားများသာ ပါဝင်ခွင့်ရှိတဲ့ ရေတပ်၊ လေတပ်နေရာတွေမှာပါ ခွင့်ပြုပေးလိုက်တာပါ" ဟု အက်ရှ်ကာတာက ပြောသည်။

သမ္မတ ဘားရက်အိုဘားမားကလည်း သမိုင်းတွင်မည့် ထိုအဆင့်မြှင့်တင်မှုအတွက် ဆော်ဩလိုက်ပြီး အမေရိကန်တပ်မတော်ကို ပိုမိုတောင့်တင်းခိုင်မာအောင် တည်ဆောက်သွားရမည်ဟု ဆိုသည်။ အရည်အချင်းပြည့်ဝသော အမျိုးသမီးများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အလမ်းသစ်များ ရရှိလိမ့်မည်ဖြစ်ကြောင်း သမ္မတအိုဘားမား၏ ကြေညာချက်တွင် ဖော်ပြသည်။ **(ရိုက်တာ)**



# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ နဝမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂဓမ္မက အတည်ပြုချက်ရယူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက သောဠသမအကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဌ) ၏ နောက်တွင် ပုဒ်မခွဲ(ဍ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"(ဍ) ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း အကြောင်းကြားပါက အကြောင်းကြားသည့်နေ့ရက်မှ သုံးလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ခြင်း"**

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဍ) ကို ပုဒ်မခွဲ(ဎ)အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်ကဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ခုနှစ်ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၄-၁၂-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူတစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့်လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်သုံးဦး၊ အထွေထွေထုတ်ဝေခွင့်ရှစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၅ ဦး၊ သတင်းအေဂျင်စီနှစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်းတစ်ဦးအားလည်း ခွင့်ပြုပေးခဲ့ပြီး မှတ်တမ်းတင်ခြင်းတစ်ရပ်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ယနေ့အထိပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၈ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ ဦးနှင့်အသစ်လျှောက်ထားသူ ၆၄၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၃ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၉၄၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူနှစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



**ဒီဇင်ဘာ ၄ ရက်က ဂျပန်နိုင်ငံ၏ ဘုရင့်မွေးနေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်လာသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi HIGUCHI ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အမျိုးသားရေးစိတ်ဓာတ် ခိုင်ကျည်စွာဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်

ရေနံ့သာမောင်ကျော်ညွန့်

**၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ (တနင်္ဂနွေနေ့)သည် အမျိုးသားနေ့ဖြစ်ပါသည်။ ယခင် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့သော အမျိုးသားနေ့သည် ယနေ့ကာလအခါသမယ၌ (၉၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။**

**အမျိုးသားနေ့ဖြစ်ပေါ်လာပုံ**

တစ်ချိန်က ကျွန်ုပ်တို့တစ်နိုင်ငံလုံးသည် ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။ အဆိုရန်ကုန်တက္ကသိုလ်ဥပဒေတွင် တက္ကသိုလ်ပညာကို လူတိုင်းသင်ယူခွင့်မရရှိနိုင်အောင် ကန့်သတ်ချုပ်ချယ်ထားမှုများ ပါဝင်နေသည်။ အနှစ်သာရအားဖြင့်လည်း အမျိုးသားရေးအကျိုးစီးပွားကိုဖော်ဆောင်ပေးနိုင်ခြင်းမရှိသည့်အပြင် မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ၊ အမျိုးသားရေးအားမာန်များနှင့် ဇာတိသွေး၊ ဇာတိမာန်များ တိမ်ကောပပျောက်သွားစေရန် စီမံဖန်တီးထားခြင်းသာဖြစ်ပေသည်။

ထိုသို့ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းသည်ကပင် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာစေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်ပေသည်ဟူ၍ ဆိုရပေတော့အံ့။ အကြောင်းမူကား ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကိုအကြောင်းပြုပြီး ဗြိတိသျှကိုလိုနီနယ်ချဲ့တို့အား ဆန့်ကျင်တော်လှန် အောင်ပွဲခံနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးသတိ၊ အမျိုးသားရေးအသိတို့နှင့်အတူ ဇာတိသွေး၊ ဇာတိမာန်များ တဖွားဖွားနိုးကြားတက်ကြွလာစေသောကြောင့်ဖြစ်ပါသည်။

ထိုအမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးသတိ၊ အမျိုးသားရေး အသိနှင့်ဇာတိသွေး၊ ဇာတိမာန်တို့သည် တစ်စထက်တစ်စ ရှင်သန်ကြီးထွားလာကာ ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်နိုင်သည်အထိ အကျိုးသက်ရောက်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာ့လွတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် အဓိကအခန်းကဏ္ဍ၌ပါဝင်လျက်ရှိသော ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေအား ဆန့်ကျင်တော်လှန် အောင်ပွဲခံနိုင်ခဲ့သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟူ၍ ဂုဏ်ပြုသတ်မှတ်ခဲ့ကြပါသည်။ ထိုအချိန် ထိုအခါမှစ၍ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားနေ့ကို ခမ်းခမ်းနားနားကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင်အောင်ဖြစ်ပါသည်။

**အမျိုးသားရေးစိတ်ဓာတ်**

မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်ခြင်းတည်းဟူသော ဝံသာနုရက္ခိတတရားကိုအခြေခံသည့် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားမြတ်နိုးတန်ဖိုးထားခြင်း၊ အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားရေးအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ခြင်းစသည်တို့သည် အမျိုးသားရေးစိတ်ဓာတ်ဟူ၍ ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ဖြစ်ပေါ်လာစေရန်အတွက် ပဓာနကျသောအချက်မှာ အမျိုးသားပညာရေးဖြစ်ပါသည်။

အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိတိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးပင်ဖြစ်ပါသည်။

ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် အမျိုးသားရေးစိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်မည့် အမျိုးသားပညာရေးကို အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်သော အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။ ထိုအမျိုးသားပညာရေးဥပဒေသည် မြန်မာတစ်မျိုးသားလုံး၏ ပညာရေးအရည်အသွေးမြှင့်တင်နိုင်ရန်အတွက် ပြည်သူ့ဆန္ဒအခြေပြု လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိသည့် ပထမဦးဆုံးသော အမျိုးသားပညာရေးဥပဒေလည်းဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေတွင် အမျိုးသားပညာရေးကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားပညာရေးရည်မှန်းချက်များကို ပြဋ္ဌာန်းထားပါသည်။

အမျိုးသားပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အမျိုးသားပညာရေးရည်မှန်းချက်များမှာ-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) နိုင်ငံတကာ အဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်

တို့ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်များသည် အမျိုးသားရေးစိတ်ဓာတ်ကို မွေးမြူပေးလျက်ရှိသည်။ ထို့ကြောင့် အမျိုးသားပညာရေးသည်သာလျှင် အမျိုးသားရေးစိတ်ဓာတ်ကို မွေးဖွားပေးနိုင်မည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်သည်သာလျှင်စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ပြီး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အရေးအရာကိစ္စများအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် စိတ်ဓာတ်ဖြစ်ပါသည်။

> **အမျိုးသားရေးစိတ်ဓာတ်သည်သာလျှင် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ပြီး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အရေးအရာကိစ္စများအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် စိတ်ဓာတ်ဖြစ်**

**အမျိုးသားရေးတာဝန်**

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သို့ ရောက်ရှိတိုင်း အမျိုးသားနေ့အခမ်းအနားများကို အမျိုးသားနေ့ ဦးတည်ချက်များနှင့်အညီ အမြို့မြို့အနယ်နယ်တိုင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ယခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့ကျင်းပရာတွင် ထားရှိသော အမျိုးသားနေ့ဦးတည်ချက်များမှာ-

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

(ခ) စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ဂ) အမျိုးသားပညာရည်မြင့်မားရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး

တို့ဖြစ်ပါသည်။

(၉၅)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး၏ မွန်မြတ်သော အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ရင့်ကျက်ခိုင်ကျည်စွာဖြင့် အမျိုးသားနေ့ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ဦးလည်မသုန်ထမ်းဆောင်နေခြင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေခြင်းလည်းဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြရပါမူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဒို့တာဝန်အရေးသုံးပါးကို မယိုင်မလဲခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ နိုင်ငံတော်၏ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင်လည်း ကျွန်ုပ်တို့ တစ်မျိုးသားလုံးသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်ကို အင်တိုက်အားတိုက် ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြပါမူ မဝေးသောကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် မျက်ဝါးထင်ထင်တွေ့မြင်ရမည်မှာ သေချာပါဘိတောင်း။ ။

## အမျိုးသားရေးတာဝန်

❖ မရွံ့မယို့၊ အောက်မကျို့ဘဲ
ကိုယ့်ထုံးကိုယ့်စံ၊ ကိုယ်ပိုင်ဟန်ဖြင့်
နိုင်ငံစည်ပွား၊ သန်မာထွားသည့်
ပိုင်စံတည်ပွား၊ မြန်မာများဟု
ခံ့ညားထည်ဝါ ထင်ရှား၏။

❖ မြန်မာတို့ဘုန်း၊ မိုးသို့ချွန်းဟု
နှလုံးစွဲထင်၊ ကမ္ဘည်းတင်လျက်
ကိုယ့်အင်ကိုယ့်အား၊ အလေးထားကာ
ကိုးစားယုံကြည် မြတ်နိုး၏။

❖ ကမ္ဘာအသိ၊ သမ္ဘာရှိသည့်
ဇာတိသွေးသည်၊ ရဲရဲနီလျက်
တည်ကြည်ဖြောင့်မတ်၊ အကျင့်မြတ်နှင့်
စိတ်ဓာတ်ခိုင်ကျည် ခံ့ထည်၏။

❖ ခြောက်ချင်လည်းခြောက်၊ တွေးမကြောက်ပေ
မြှောက်ချင်လည်းမြှောက်၊ သွေးမမြောက်ဘဲ
အကောက်ကြံလည်း တို့မရွံ့။
ခလောက်ဆန်လည်း တို့မတွန့်။

❖ စကားခြေထိုး၊ ကြားလေတိုးလည်း
တို့မျိုးတို့ဆွေ၊ သွေးစည်းနေ၏။
တစ်မြေတည်းဖွား၊ တစ်မိသားမို့
လေးစားချစ်ကြင်၊ မြတ်နိုးခင်လျက်
အစဉ်တစိုက်၊ အယဉ်ကြိုက်သည့်
စရိုက်လက္ခဏာ၊ သိမ်မွေ့စွာနှင့်
ဝံသာနုတရား၊ စွဲတည်ပွားကာ
ဘိုးဘွားအမွေ၊ တိုးပွားစေလျက်
နိုးကြားမသေ၊ ကြိုးစားနေရင်း
ကိုယ့်ဆွေကိုယ့်အမျိုး၊ နောင်ရွှယ်ကိုး၍
တို့မြေကောင်းကျိုး၊ ဆောင်သယ်ပိုးမည်
အမျိုးသားရေး တာဝန်ပါတကား။ ။

(၉၅)နှစ်မြောက် အမျိုးသားနေ့ကိုဂုဏ်ပြုဖွဲ့ဆိုအပ်ပါသည်။

ရေနံ့သာမောင်ကျော်ညွန့်

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံအစိုးရ၏ အထူးသံတမန်၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်တင်၊ ဦးစံရွှေအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာနှင့် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး အစီရင်ခံစာသုံးခုတင်သွင်းခြင်း၊ အစီရင်ခံစာနှစ်ခုအတည်ပြုခြင်း၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက်စဉ်။

အစည်းအဝေးတွင် **ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ**တို့ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြသည်။

ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းနောက် လွှတ်တော်က **ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော်အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာ**တို့ကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းငါးခုကို အစီရင်ခံဖတ်ကြားတင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို အစီအစဉ် ၁၂ ခုဖြင့် ကျင်းပရာ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းငါးခုကို အစီရင်ခံစာဖတ်ကြားခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဦးစိုင်းတင့်အောင်



ဦးမိုးမြင့်

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းတင့်အောင်က ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့်က ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်းအတည်ပြုသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၃/၂၀၁၅) စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြထားသော မေးခွန်းခြောက်ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တိုင်းဒေသကြီး စည်ပင်သာယာ၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးတို့က ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ရှင်းလင်းခြင်းများဆောင်ရွက်ပြီး အစီရင်ခံစာကို မှတ်တမ်းတင် အတည်ပြုသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သော အဆိုတစ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် မှတ်တမ်းတင်အတည်ပြုသည်။

**(သတင်းစဉ်)**

# ကနေဒါနိုင်ငံအကူအညီဖြင့် လွှတ်တော်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်ပေးရန်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် ကနေဒါ ပါလီမန်ဆိုင်ရာစင်တာမှ ညွှန်ကြားရေးမှူး Mr.IvoBakinov နှင့် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (IDEA) မှ ဌာနေကိုယ်စားလှယ် Mr. Jorge Valladares တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိလွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-1) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကနေဒါနိုင်ငံအကူအညီဖြင့် လွှတ်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက် စစ်တမ်းကောက်ယူမှု အစီရင်ခံစာကိစ္စ၊ ဆက်လက်ကူညီဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီထွန်း၊ ဦးစန်းလွင်၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**မိုးဆက်လက်ထစ်ချုန်းရွာမည်**

**နေပြည်တော် ဒီဇင်ဘာ ၄**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (မြဝတီ)

*ကျောဖုံးမှ*

ယနေ့နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနား၌ မိန့်ခွန်းပြောကြားရာ တွင်ထည့်သွင်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၆၂၃ ဗိုလ်လောင်း ထူးဝင့်မောင်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဝဏ္ဏကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၆၄၆ ဗိုလ်လောင်း နေထက်လင်း၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၆၂၃ ဗိုလ်လောင်း ထူးဝင့်မောင်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၉၁၁ ဗိုလ်လောင်း အောင်သူနိုင်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၅၈၁ ဗိုလ်လောင်း ဇော်လွင်ဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ခြင်းဖြစ်၍ ထက်မြက်သည့် လက်ရုံးရည်၊ မှန်ကန်သည့် နှလုံးရည်များနှင့် ယုံကြည်ကိုးစားရသော ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် လေ့လာမှုသည် ဘဝတစ်လျှောက် အောင်မြင်တိုးတက်မှုကို အထောက်အကူပြုနေမည် ဖြစ်ကြောင်း၊ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်အတိုင်း လေ့လာမှတ်သားမှုများ စဉ်ဆက်မပြတ်ပြုလုပ်ပြီး ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိထားသည့် လေ့လာမှု၊ လေ့ကျင့်မှုတို့အပေါ် လုပ်ငန်းခွင်၌ လိုက်နာဆောင်ရွက်ခြင်းသည် အောင်မြင်မှုကိုရရှိစေမည်ဖြစ်ကြောင်း။

တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်၍ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်မှန်ကန်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လိုကြောင်း၊ တပ်မတော်စွမ်းရည်ရှိမှုသည် စစ်စည်းကမ်းကောင်းမွန်မှု၊ ဥပဒေလေးစားလိုက်နာမှုပေါ်တွင် များစွာတည်ကြောင်း၊ ပြည်သူက ရွေးချယ်သည့် နိုင်ငံရေးစနစ်သည်လည်း စည်းကမ်းကောင်းမွန်မှု၊ ဥပဒေလေးစားမှုအပေါ်တွင် တန်ဖိုးထားသည့်အတွက် ခေါင်းဆောင်များအနေဖြင့် ဥပဒေလေးစားလိုက်နာမှုကို စံနမူနာပြုလုပ်ဆောင်ပြရန်လိုကြောင်း။

တပ်မတော်ကို အရည်အချင်းပြည့်ဝပြီး အရည်အသွေးရှိသည့် ခေတ်မီတပ်မတော် (Standard Army)အဖြစ် တည်ဆောက်နေချိန်ဖြစ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်အားလုံးကို ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည်၊



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ်-၂၉၅၈၁ ဗိုလ်လောင်း ဇော်လွင်ဦးအား ဆုချီးမြှင့်စဉ်။ (မြဝတီ)

အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များ အမြဲထက်မြက်နေရန်လိုကြောင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံမှသာ ပေးအပ်သည့်အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုမှ ပေါက်ဖွားလာကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးမှ လွတ်လပ်ရေးရသည်အထိ ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ပြီး လက်တွဲတိုက်ပွဲဝင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အချိန်ထိ အရေးကြုံတိုင်း ပြည်တွင်း ပြည်ပအန္တရာယ်အသွယ်သွယ်ကို တိုက်ဖျက်ချေမှုန်းရင်း နိုင်ငံတော်နှင့် ပြည်သူအတွက် ရပ်တည်ကာကွယ်ပေးခဲ့ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ခေတ်စနစ်ပြောင်းလဲတိုင်းမှာလည်း ဦးဆောင်ဦးရွက်ပြုခဲ့ရကြောင်း၊ တိုင်းရင်းသားမိဘပြည်သူများမှ ပေါက်ဖွားလာပြီး အစဉ်အလာကောင်းများနှင့် ရှင်သန်ရပ်တည်နေသော တပ်မတော်၏ သမိုင်းကြောင်းသည် နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် အစဉ်အမြဲ ဒွန်တွဲလျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်၊ တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးသည် တပ်မတော်သားများ အမြဲတမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ပြီး ခိုင်မာသည့်တပ်မတော်မရှိပါက နိုင်ငံတော်ယိမ်းယိုင် ချည့်နဲ့သွားနိုင်ကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

ယနေ့ပြည်သူက ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လျှောက်လှမ်းနေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဗဟိုဦးစီးအုပ်ချုပ်သည့်စနစ်မှ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို ပထမခြေလှမ်းသစ်ပြောင်းလဲလျှောက်လှမ်းခဲ့ကြောင်း၊ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်း၏ ဒုတိယခြေလှမ်းလျှောက်လှမ်းရန် လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ယင်းလမ်းကြောင်းကို သွားရာတွင် စည်းကမ်း ပြည့်ဝရန်လွန်စွာအရေးကြီးပြီး ဒီမိုကရေစီ၏အခြေခံအကျဆုံးအချက်သည် စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို တန်ဖိုးထားလေးစားခြင်းတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်မှာ သူ့တန်ဖိုး၊ ကိုယ့်တန်ဖိုးကို ကျီး ဘုတ်ရိုသေ၊ ဘုတ် ကျီးရိုသေ ဆိုသကဲ့သို့ အပြန်အလှန်လေးစား၊ အပြန်အလှန်အထောက်အကူပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ခေတ်အဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားရေးကိုရှေးရှုပြီး ငြိမ်းချမ်းရေးကို ကြိုးပမ်းအားထုတ်ခဲ့သည်ကို မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် အထင်ကရတွေ့မြင်

ဒို့တာဝန် အရေးသုံးပါးသည် တပ်မတော်သားများ အမြဲတမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်ဖြစ်။ စည်းလုံးညီညွတ်ပြီး ခိုင်မာသည့် တပ်မတော်မရှိပါက နိုင်ငံတော် ယိမ်းယိုင်ချည့်နဲ့သွားနိုင်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ သဝဏ်လွှာပေးပို့ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ပေးပို့သည့်သဝဏ်လွှာအား မြန်မာ့အသံ၊ Mandalay FM၊ ပဥ္စဝတီ FM၊ ရွှေ FM ၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

# အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာအထူးပြု (၂၀၁၄-၂၀၁၅) ပညာသင်နှစ်မှ နောက်ဆုံးနှစ်ကျောင်းသား/သူများ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လက်တွေ့ကွင်းဆင်းရိုက်ကူးခဲ့သည့် သတင်းမှတ်တမ်းများအား မြန်မာ့ရုပ်မြင်သံကြား News Channel တွင် ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာအထူးပြု (၂၀၁၄-၂၀၁၅) ပညာသင်နှစ်မှ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လက်တွေ့ကွင်းဆင်းပြီး ရိုက်ကူးခဲ့သည့် ကလေးအလုပ်သမား၊ ရွှေ့လျားဈေးသည်၊ မျှော်လင့်ချက်၊ ထန်းတစ်ပင်လုံးအသုံးဝင်ပုံ၊ ဓာတုကင်းလွတ်သီးနှံခေါင်းစဉ်များဖြင့် ထုတ်လုပ်ခဲ့သည့် သတင်းမှတ်တမ်းများကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက် နံနက် ၁၁ နာရီ၊ ညနေ ၄ နာရီ၊ ညနေ ၆ နာရီသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြား News Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ကို ချမှတ်ထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများကို စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဖိတ်ခေါ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးမှု ရလဒ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးရန်ကျန်သည့် အဖွဲ့များအတွက်လည်း အမြဲတမ်း တံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိကြောင်း။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရုံဖြင့် မပြီးဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အများအပြားကျန်ရှိနေသေးကြောင်း၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုသည့် ဆန္ဒရှိရန် လိုအပ်ပြီး စစ်မှန်သည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အရင်းခံ လျှောက်လှမ်းဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးသည် မလွဲမသွေ ရရှိမည်ပင်ဖြစ်ကြောင်း။

အမိစစ်တက္ကသိုလ်၏ ဂုဏ်ကို ဆောင်နိုင်သော လက်ရုံးရည် နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထုမှ အားကိုးယုံကြည်ထိုက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း လေးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၇) သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး **(အပေါ်ပုံ)** သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သဘင်ဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော တပ်မတော်သားများအားတွေ့ဆုံအားပေး



**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေး မှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင် တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆေးရုံတက်ရောက် ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ အားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** ဆေးရုံတက် အရာရှိ၊ စစ်သည်များအတွက်ငွေနှင့် လက်ဆောင် ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် အမျိုးသမီးလူနာဆောင်တွင် ဆေးကုသမှုခံယူနေသော တပ်မတော်သားမိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ငွေနှင့် လက်ဆောင် ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အများစိတ်ဝင်စားသည့် တိုင်စာများ ကွင်းဆင်းစစ်ဆေးဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းစာရှင်းလင်းပွဲ၌ပြော

ရန်ကုန် ဒီဇင်ဘာ ၄

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတော်က ဥပဒေအရဖွဲ့စည်းပေးထားသည့် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ကော်မရှင်သို့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့်စပ်လျဉ်းပြီး တိုင်တန်းလာသည့်တိုင်စာများကို ဥပဒေကြောင်းအရ သဘောသက်ရောက်သည့်ကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်နှင့် အကောင်အထည်ဖော်ခွင့်မရှိကြောင်း၊ ကော်မရှင်အနေဖြင့် လေ့လာစုံစမ်းသိရှိသမျှကို အကြံပြုပိုင်ခွင့်သာရှိကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ပြုလုပ်သည့် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ပြောသည်။** (အောက်ပုံ)

**သတင်း – မင်းသစ်**
**ဓာတ်ပုံ – ဇော်မင်းလတ်**



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းတိုင်တန်းစာ ၁၂၂၂ စောင်၊ ပြည်ပတိုင်တန်းစာ ၂၀၄၅ စောင်၊ ၂၀၁၄ ခုနှစ် ပြည်တွင်းတိုင်စာလက်ကျန် ၂၂၉ စောင်နှင့် ပြည်ပတိုင်စာ ၁၅၄ စောင်ရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် ပြည်တွင်းတိုင်စာ ၃၆၈ စောင်နှင့် ပြည်ပတိုင်စာ ၉၁၁ စောင်သာကျန်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"ပြည်တွင်း ပြည်ပ တိုင်တန်းစာများအပေါ် တချို့တိုင်စာတွေကို အစည်းအဝေး ထိုင်တယ်၊ တချို့တိုင်စာတွေကို သက်ဆိုင်ရာဌာနတွေကိုအကြောင်းကြားတယ်၊ တချို့ တိုင်စာတွေကို တိုင်တန်းသူတွေကိုအကြောင်းကြားတယ်၊ မှတ်တမ်းတင်သင့်တဲ့ တိုင်စာတွေကို မှတ်တမ်းတင်တယ်၊ တချို့တိုင်စာတွေက အမှုပိတ်လိုက်တယ်၊ လူအများစိတ်ဝင်စားတဲ့ တိုင်စာတွေကိုတော့ ကွင်းဆင်းစစ်ဆေးတာတွေလုပ်တယ်" ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်စပ်လျဉ်းပြီး တင်ပြတိုင်တန်းမှုများအပြင် စုံစမ်းသိရှိရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က "ဥပမာ မြောက်ဒဂုံမှာရှိနေတဲ့ ကလေးတစ်ယောက် ညှဉ်းပန်းနှိပ်စက်ခံရတာ တိုင်တဲ့စာ မဟုတ်ဘူး၊ လေ့လာစုံစမ်းသိရှိပြီးတော့ စုံစမ်းစစ်ဆေးတာ ကျန်တဲ့ကိစ္စတွေမှာလည်း မတိုင်ကြားဘဲသွားပြီး စုံစမ်းစစ်ဆေးဖို့ရှိပါတယ်" ဟု ပြောသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် လူ့အခွင့်အရေးချိုးဖောက်သူများတွင် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးသည့်အတွက် လူ့အခွင့်အရေးအသိပညာပေးမြှင့်တင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူ့အခွင့်အရေးမြှင့်တင်/ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်များ အကြမ်းဖက်ခံရမှုမှကာကွယ်ရန် ကလေးသူငယ်ဆိုင်ရာအခွင့်အရေး ကွန်ဗင်းရှင်းတွင်လက်မှတ်ရေးထိုးထားကြောင်း၊ လက်ရှိခေတ်နှင့်မညီတော့သည့် ကလေးသူငယ်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်အကြမ်းဖက်ခံရမှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားထားသည့် စာများမရှိသော်လည်း ကလေးသူငယ်အချို့အကြမ်းဖက်ခံရမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ကော်မရှင်မှာ တိုင်စာတွေကတော့ အများကြီးရှိတယ်၊ ဒီတိုင်စာတွေထဲမှာ ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခံရလို့တိုင်ထားတာမရှိဘူး၊ ဒါပေမယ့် ကလေးငယ်တွေအခွင့်အရေးချိုးဖောက်ခံနေရတယ်၊ ဘာလို့မတိုင်တာလဲဆိုတော့ ကလေးသူငယ်တွေလူ့အခွင့်အရေးချိုးဖောက်ခံနေရပေမယ့် မတိုင်ရဲဘူး၊ မတိုင်တတ်ဘူး၊ ဘယ်လိုတိုင်ရမလဲဆိုတာလည်း မသိဘူး၊ ဒါကိုအသိပညာပေးပြီးလုပ်ရတယ်၊ ကလေးသူငယ်လူ့အခွင့်အရေးချိုးဖောက်တာ ကာကွယ်ဖို့အရေးကြီးတယ်၊ ကလေးသူငယ်ဆိုတာအနာဂတ်ရဲ့ လူကြီးလောင်းလျာတွေပဲ၊ ကလေးငယ်တွေ လူ့အခွင့်အရေးချိုးဖောက်ခံရမယ်ဆိုရင် ဂုဏ်သိက္ခာညှိုးနွမ်းပြီး စိတ်ဓာတ်ကျဆင်းကာ လူကောင်းတွေဖြစ်မလာနိုင်ဘူး၊ ကလေးငယ်တွေ လူ့အခွင့်အရေးချိုးဖောက်ခံရတာများလာတာနဲ့အမျှ နောင်တစ်ချိန် ဒုစရိုက်မှုတွေ ပိုများလာနိုင်မယ်"ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ပြောသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တရားရုံးတစ်ရပ်ရပ်တွင် အမှုဖွင့်တိုင်ကြားထားသည့် အမှုကိစ္စ၊ စစ်ဆေးဆဲ အမှုကိစ္စ၊ တရားရုံး၏စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု (သို့မဟုတ်) ပြင်ဆင်ဝင်ရောက်ဆဲအမှုကိစ္စနှင့် တရားရုံးတစ်ရပ်ရပ်က အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပြီးသောအမှုကိစ္စများနှင့်စပ်လျဉ်းပြီး တိုင်တန်းလာသည့်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်မဟုတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့ အတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏အမိန့် အမှတ် (၂၃/၂၀၁၄)ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်းခဲ့ကြောင်း သိရသည်။

## တိရစ္ဆာန်ဆေးကုဆရာဝန်များ ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ (၁၃)ကြိမ်မြောက်ညီလာခံကို ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် တိရစ္ဆာန်ဆေးကုသမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ ပညာရှင်များက စာတမ်းများတင်ပြခြင်းနှင့် စာတမ်းဖတ်ကြားခြင်းတို့ကို ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တိရစ္ဆာန်ကုဆရာဝန်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံဆေးပညာကောင်စီဥက္ကဋ္ဌ ဒေါက်တာစောပလယ်စောက ပြောကြားသည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းကို ၁၉၇၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး တိရစ္ဆာန်ဆေးကုဆရာဝန်များ စဉ်ဆက်မပြတ် ပညာလေ့လာဆည်းပူးနိုင်ရန်နှင့် တိရစ္ဆာန်ဆေးပညာလောက တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

"ရန်ကုန်မြို့နေပြည်သူတွေ ကျန်းမာဖို့အတွက် လတ်ဆတ်ပြီး စားသုံးရန်သင့်တဲ့အစားအစာတွေစားသုံးနိုင်ဖို့ ကျန်းမာရေးနဲ့ပြည့်စုံတဲ့အသားတွေ နေ့စဉ်ထုတ်လုပ်တဲ့အကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ တိရစ္ဆာန်ကနေ လူကို ကူးစက်စေတတ်တဲ့ရောဂါတွေကို တားဆီးပေးဖို့ လိုအပ်တယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ဌာနမှူး ဒေါက်တာ လှမေဦး(ဆုရည်) က ပြောကြားသည်။

**ခင်ရတနာ**

## မြို့ပေါ်သတင်းစာဖတ်သူများသာမက နယ်သတင်းစာဖတ်လိုသူများအတွက် မုံရွာကိုယ်ပွားတိုက်မှ ကျေးလက်သတင်းစာကိုယ်စားလှယ်လုပ်လိုသူများကို ရှာဖွေလျက်ရှိ

မုံရွာ ဒီဇင်ဘာ ၄

**သတင်းစာဖတ်လိုသည့်ကျေးလက်နေပြည်သူများ များပြားလာနေသည်ကို ကြားသိရသဖြင့် နေ့စဉ် နံနက်လင်းလျှင် ဖတ်နေရပြီဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများရိုက်နှိပ်ထုတ်ဝေ နေသည့်မုံရွာမြို့ကိုယ်ပွားသတင်းစာတိုက်တာဝန်ရှိသူများနှင့်ဝန်ထမ်းများသည် မုံရွာမြို့၊ ကလေးမြို့ စသည့် မြို့ကြီးများတွင်သာမက မြို့နယ်အသီးသီးရှိကျေးလက်များအရောက် သတင်းစာများ နေ့စဉ်နံနက်ပိုင်း ပို့ပေးနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

"မုံရွာကိုယ်ပွားတိုက်ကနေ နေ့စဉ်မနက် ၅ နာရီကျော်ဆိုရင် သတင်းစာတွေပုံနှိပ်ပြီးလို့ ကိုယ်စားလှယ်တွေဆီပို့ပေးနိုင်နေပါပြီ။ အခုလျှပ်စစ်မီးကလည်း မှန်နေပြီဆိုတော့ သတင်းစာပုံနှိပ်ရေးမှာ အဆင်ပြေနေပါပြီ။ သတင်းစာအပြင် အဆင်ပိုင်းကလည်း အရင်ကထက် သတင်းပိုင်း၊ ဆောင်းပါး၊ ကာတွန်းကအစ မတူတော့ဘဲ အများဖတ်ချင်၊ သိချင်တဲ့ သတင်းအချက်အလက်တွေ ဝေဝေဆာဆာဖတ်နေရပြီဆိုတော့ ဖတ်ချင်တဲ့သူတွေ တိုးလာနေတာ သိရပါတယ်။ မြို့ပေါ်က လူတွေဖတ်ရသလို နယ်ကလူတွေလည်း တစ်ချိန်တည်းဖတ်နိုင်အောင် ကျေးရွာက သတင်းစာကိုယ်စားလှယ် ယူချင်တဲ့သူတွေကိုရှာနေပါတယ်။ ကျေးရွာကတင်မဟုတ်ပါဘူး။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး ဘယ်နေရာကမဆိုသတင်းစာကိုယ်စားလှယ်လိုချင်ရင် အလွယ်တကူရအောင် မုံရွာကိုယ်ပွားရုံးက လုပ်ပေးနေပါတယ်" ဟု မုံရွာမြို့ ကိုယ်ပွားသတင်းစာတိုက်တာဝန်ခံ ဦးသိန်းစိုးက ပြောပြသည်။

ရန်ကုန်မှာ မနက်မိုးလင်းရင် အများအားဖြင့် သတင်းစာကို ဖတ်လိုက်ရမှ အာသာပြေတဲ့ သတင်းစာဖတ်ကျင့် ရှိနေကြပါပြီ။ အဲဒီလိုပဲ မုံရွာမှာ မနက်လင်းလင်းချင်း သတင်းစာဖတ်ချင်တဲ့အကျင့် ကိုယ်ပွားသတင်းစာက သတင်းစာ စထုတ်ကတည်းက ရှိလာကြပါပြီ။ ဒါပေမယ့် ရန်ကုန်-မန္တလေးလို သတင်းစာလက်ပွေ့ ရောင်းတဲ့သူ၊ လမ်းဘေးမှာပုံရောင်းတဲ့သူတွေ မုံရွာမှာ မရှိသေးပါဘူး။ အဲဒီလိုလက်ပွေ့ စနစ်နဲ့ရောင်းနိုင်မယ်ဆိုရင် အခုထက် ပိုပြန့်နိုင်သလို သတင်းစာဖတ်ချင်တဲ့သူလက်ထဲ အလွယ်ရောက်စေနိုင်မှာအမှန်ပါပဲ" ဟု မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဖေသန်းက ပြောပြသည်။

မုံရွာမြို့တွင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ ရိုက်နှိပ်ဖြန့်ဝေသည့် ကိုယ်ပွားတိုက်ခွဲတည်ထောင်လိုက်သောကြောင့် သတင်းစာဖတ်ပရိသတ်များ နေ့စဉ် ဦးဦးဖျားဖျား သတင်းဦးများ ဖတ်ခွင့်ရနေသလို၊ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများလည်း စရိတ်မကုန်ဘဲ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခွင့် ရလာသောကြောင့် ဒေသခံများအနေဖြင့် ကျေနပ်နေကြကြောင်း ကြားသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဝေန်တာတမံ နိမ့်ကျကွဲအက်မှုဖြစ်ပွား

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အောက်ဘက် ဘွဲ့ငူကျေးရွာအုပ်စု မိုင်တိုင် (၅၃/၄)အနီး ဝေန်တာတမံမှာ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ ကမ်းပါးမြေသားနိမ့်ကျပြီး ဝေန်တာဟောင်းမှာလည်း ပေ ၃၀၀ ခန့် နိမ့်ကျကွဲအက်ခဲ့ကြောင်း သိရသည်။

နိမ့်ကျသွားသော ဝေန်တာအတွင်းဘက် အရန်တာ(တာပန်း)ရှိနေသော်လည်း ပြုပြင်ရန်လိုအပ်နေကြောင်း ဒေသခံများက ပြောကြားကြသည်။ အဆိုပါ နိမ့်ကျကွဲအက်သွားသော ဝေန်တာကို ဆည်မြောင်းဦးစီးဌာနကလည်း ပြုပြင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**



## ယာဉ်မောင်းနေစဉ် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်

**အင်းတော် ဒီဇင်ဘာ ၄**

အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ ပင်ဝဲကျေးရွာနှင့်တုံးလုံကျေးရွာကြား၌ ကသာမှ ဖားကန့်သို့ ဒီဇယ်ပီပါအလုံး ၄၀ ကျော်နှင့် ဂက်အိုးများသယ်ဆောင်လာသော SSG 8J/ --- ယာဉ်သည် ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ခန့်က ကားမောင်းစဉ် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ခဲ့သည်။ ညနေ ၆ နာရီအထိ လောင်ကျွမ်းခဲ့ပြီး ညနေ ၆ နာရီ ၁၀မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် အတက်အဆင်း မော်တော်ယာဉ်အစီး ၁၀၀ ခန့်မှာ အချိန် သုံးနာရီခန့်ရပ်နားခဲ့ရကြောင်း၊ ယာဉ်မောင်းနှင်သူကို အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို တစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီ ချိတ်ဆက်ဖော်ဆောင်သွားနိုင်ရန်လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အမှာစကား ပြောကြားစဉ်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကာလတို၊ ကာလရှည် ဆောင်ရွက်ကြရမည့်အပြင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို တစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီ ချိတ်ဆက်ဖော်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ယင်းသို့ဖော်ဆောင်ရာ၌ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဌာနဆိုင်ရာအဖွဲ့ အစည်းအားလုံးအနေဖြင့် တစ်ခုတည်းသောမူဘောင်တစ်ရပ်အောက်တွင် တစ်စုတစ်စည်းတည်း ပေါင်းစပ်ညှိနှိုင်းနိုင်ရေးအတွက် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် မေလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်နေပြည်တော်၌ ကျင်းပခဲ့ကြောင်း။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့်ဖော်ထုတ်ချက်များကိုအခြေခံကာ အမျိုးသားအဆင့်အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်(မူကြမ်း)ရေးဆွဲခဲ့ရာ တွင် နိုင်ငံတော်၏ Vision ဖြစ်သည့် **"ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်လာရေး"** အတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်များ ချမှတ်ရေးဆွဲထားခြင်းဖြစ်၍လက်ရှိအစိုးရ၏ တတိယလှိုင်း ပြုပြင်ပြောင်းလဲရေးတွင် မှတ်ကျောက်တစ်ခုဖြစ်သည့်အပြင် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် မဟာဗျူဟာမြောက် အခြေခံအုတ်မြစ်လည်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်သူများ၊ ပါဝင်ဆွေးနွေးပြီး ဖော်ထုတ်ချက်များကို မူဘောင်ပြုစုထားခြင်းဖြစ်ကာ UNDP ၏နည်းပညာဆိုင်ရာအကြံပြုချက် များမှအပ အခြားနိုင်ငံများ၏ မူဘောင်ပုံစံများကို ထပ်တူကူးယူခြင်းမရှိကြောင်းနှင့် မိမိ တို့နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲခဲ့ပါကြောင်း၊ မူဘောင်တွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုဟူသည့် အဓိကအခြေခံရမည့် အချက်လေးခုကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းဖြင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အနာဂတ် ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့်လည်း မူဘောင်မှတစ်ဆင့် အစိုးရ၏ဦးစားပေး လုပ်ငန်းများကိုနားလည်သိရှိပြီး ကူညီထောက်ပံ့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်နှင့် ဒေါ်လဲ့လဲ့သိန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ တာဝန်ရှိသူများ တက် ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ မှ ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြပြီး အမျိုးသားအဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာမူဘောင် (National Strategic Framework for Administrative Reform) (မူကြမ်း)ကို အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာ၌ မိမိတို့ အစိုးရတာဝန်ယူသည့် ကာလအတွင်း နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သည့် အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ပုဂ္ဂလိက ကဏ္ဍများနှင့် ဆက်စပ်သည့်ကိစ္စရပ်များ တွင် ပိုမိုကောင်းမွန်လာစေရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိ တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာဖြင့်လုပ်ကိုင်ရင်း ရရှိလာသည့် အတွေ့အကြုံများကိုအခြေခံကာ ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ပေါ်ပေါက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အခက်အခဲဖြစ်စေမည့်ကိစ္စများကို ရှောင်ရှားကာ သီအိုရီနှင့်လက်တွေ့ပေါင်းစပ်ပြီး အကောင်းဆုံးအခြေအနေ တစ်ရပ်ဖြစ်ပေါ်လာစေရန် ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မလိုလား အပ်သည့်အမူအကျင့်များကိုပြုပြင်ကာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို သတိပြုလုပ်ကိုင်ရင်း နိုင်ငံအတွက် အကောင်းဆုံးဖြစ်စေရန် ကြိုးစားကြရ မည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့်အစားအစာများ ကျွေးမွေးထောက်ပံ့



**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရှိ မေတ္တာ စမ်းရေဆေးခန်း၌ လာရောက်ပြသ သော ကိုယ်ဝန်ဆောင်များ၊ ဆေးခန်း တွင် တက်ရောက်မွေးဖွားသည့် မွေးဖွားပြီး မိခင်များကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီး ဌာန မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းမှ အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့ ပေးခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်များ အား အာဟာရဖြစ်စေမည့် အစား အစာများ ကျွေးမွေးထောက်ပံ့ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင် များဖြစ်သည့် ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ထွေးရီ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြား ရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၏ ဇနီးများက လှူဒါန်းကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရှိ မေတ္တာ စမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင် မိခင်များအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျန်းမာ ရေးစောင့်ရှောက်မှုများ ကြည့်ရှု စစ်ဆေးပေးလျက်ရှိပြီး အပတ်စဉ် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက် ရှိသည့်ရက်များတွင် လာရောက်ပြသ သည့်ကိုယ်ဝန်ဆောင်မိခင် ၈၀ ကျော် ခန့်ရှိကြောင်း သိရသည်။

ဆေးခန်းသို့ လာရောက်ပြသ သော ကိုယ်ဝန်ဆောင်မိခင်များ ကို ကျန်းမာရေးကောင်းမွန်စေရန် စားသောက်မှုပုံစံများ၊ ကျန်းမာရေး ဆိုင်ရာ အသိပညာပေးခြင်းတို့ကို တာဝန်ခံဆရာဝန် ဒေါက်တာ စန်းစန်းလှိုင်ဦးဆောင်သော ဆရာဝန် များ၊ သူနာပြုဆရာမများက ဆောင် ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အစားအစာများ ကျွေးမွေးထောက်ပံ့ခြင်းကို အပတ်စဉ် ကိုယ်ဝန်ဆောင်မိခင်များ ကြည့်ရှု စစ်ဆေးပေးသည့်ရက်များတွင် ဝန်ကြီး ဌာနများမှ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းများက အလှည့်ကျ ထောက်ပံ့ လှူဒါန်းပေးလျက်ရှိ ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ကုသမှုခံယူပြီးသည့် မျက်နှာ၊ မေးရိုး၊ ခံတွင်းရောဂါဝေဒနာရှင်များအား ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးဝန်ကြီးဌာန ဂျပန်နိုင်ငံ Medecis du Monde (MdM) မှ ဒေါက်တာ နိုရိဟီကိုတို့နှင့်ပူးပေါင်း၍ နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ နေပြည်တော် ကောင်စီနယ်မြေနှင့်ဝန်ကြီးဌာနမိသားစုဝင်များက ခွဲစိတ်ကုသမှုခံယူလိုသည့် မျက်နှာ၊ မေးရိုး၊ ခံတွင်းရောဂါဝေဒနာရှင် များကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ကြသည်။



အဆိုပါဆေးရုံကြီး၌ ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်း ရေးမှူး ဒေါ်တင်တင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ခွဲစိတ်လူနာများအတွက် အလှူငွေများပေးအပ် လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းသန်းမြင့်က လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးသောလူနာများကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရများ ထောက်ပံ့ခဲ့ကြသည်။ အဆိုပါဆေးရုံကြီး၌ ခွဲစိတ်ခဲ့သောလူနာမှာ ၂၅ ဦးဖြစ်ပြီး စုစုပေါင်းထောက်ပံ့ငွေမှာ ငွေကျပ် ၁၂၉၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပိုလီယိုကာကွယ်ဆေး စတင်ထိုးနှံခြင်းအောင်မြင်ရေး ရန်ကုန်တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၅ ခုနှစ် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) စတင်ထိုးနှံခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နာယကများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပိုလီယိုကာကွယ်ဆေးထိုးသည့်အချိန်တွင် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် ယနေ့ တက်ရောက်လာကြသူများက အသိပညာပေးဆောင်ရွက်ကြရန် လိုပါကြောင်း၊ ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)အသစ် စတင်ထည့်သွင်းထိုးနှံခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ၊ နှီးနွယ်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)စတင်ထိုးနှံခြင်းလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြကာ ပိုလီယိုရောဂါအကြောင်း သိကောင်းစရာများကို ဗီဒီယိုဖြင့် ဖွင့်လှစ်ပြသသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများက ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)စတင်ထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပြည်သူလူထုများ ပူးပေါင်းပါဝင်လာစေရေးအတွက် ထိရောက်စွာ အသိပညာပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၁၄ ပတ် (သို့) အသက်လေးလရှိသည့် ကလေးများအား ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)တစ်ကြိမ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်ပြီး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၄**

ဆက်သွယ်ရေးဥပဒေကို ၈-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၁) ဖြင့် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာဥပဒေများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများကို အများပြည်သူဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http:// www.mcit.gov.mm/content/law-regulation.html)တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၅-၁၂-၂၀၁၅ရက်နေ့ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ ရွှေပေါက်ကံမြို့နယ်၊ လှိုင်မြို့နယ်အတွင်းရှိ (၁၁၊ ၁၂၊၁၆) ရပ်ကွက်များ၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)ရပ်ကွက်များ၊ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ (ချစ်တီးကုန်းရပ်ကွက်၊ (၂/က) ရပ်ကွက်၊ (၁/က) ရပ်ကွက် အောင်မင်္ဂလာအဝေးပြေး၊ ထောက်/ကူတပ်)၊ လှိုင်သာယာမြို့နယ်အတွင်းရှိ (အမှတ်(၅)ရပ်ကွက်၊စက်မှုဇုန်(၁၊ ၂)၊ အတွင်းပဒံ၊ ညောင်ရွာ၊ အပြင်ပဒံကျေးရွာ)တို့တွင် ယင်းနေ့ ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဓာတ်အားယာယီ ပြတ်တောက်နေမည် ဖြစ်ပါသည်။

(၆-၁၂-၂၀၁၅) ရက်နေ့ စမ်းချောင်းမြို့နယ်အတွင်းရှိ (ကျွန်းတော (တ/လ/မ)၊ ဝေ(မ)၊ မုန့်(မ)၊ GSM ရုံး)၊ ကမာရွတ်မြို့နယ်အတွင်းရှိ (၉၊၁၀) ရပ်ကွက်များ၊ ဗဟန်းမြို့နယ်အတွင်းရှိ (ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဝိဇရပလာဇာ)၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လှိုင်သာယာစသည်တို့တွင် ယင်းနေ့ ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒုတိယအကြိမ်အထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**ဗန်ကောက် ဒီဇင်ဘာ ၄**




ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အိန္ဒိယသမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒုတိယအကြိမ် အထူးအစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ANANTARA ဟိုတယ်၌ကျင်းပရာ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမိုဝီနိုင်က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ဗီယက်နမ်၊ ဂျပန်၊ လာအို၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်နိုင်ငံနှင့် အီးယူတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအဖွဲ့အစည်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာအဖွဲ့အစည်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ ယခင် မေလအစည်းအဝေး နောက်ပိုင်း ဆက်လက်ဆောင်ရွက်ချက်များနှင့် စိန်ခေါ်မှုများ၊ ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာမှုနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းမှုများစသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက မြန်မာလှေစီး သွားလာသူများကို လူသားချင်း စာနာထောက်ထားမှုရှုထောင့်အရ ကယ်ဆယ်စောင့်ရှောက်၍ ညှိနှိုင်းလျက် ပင်ရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့် ဆောင်ရွက်ချက်များ၊ လှေစီးသွားလာသူများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများအပြင် ၎င်းတို့သွားရောက်ရန် ဆွဲဆောင်နေသည့် အချက်များ၊ တရားဝင် ရွှေ့ပြောင်းသွားလာမှုကို ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန် ဆောင်ရွက်ရန် လိုအပ်ချက်များ၊ လက်ခံသည့်နိုင်ငံများတွင် ဥပဒေကြောင်းအရ ကာကွယ်ပေးရန် ကိစ္စများ စသည်တို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်မှုသာ ပြည့်စုံပြီး ရေရှည်တည်တံ့သည့်အဖြေတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးနှစ်ရပ်လုံးကို ပါဝင်တက်ရောက်ခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဆွေများဖြင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းအစည်းအဝေးတွင်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အသက်မွေးဝမ်းကျောင်းမှုများ ရေရှည်တည်တံ့ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဥပဒေပိုင်း၊ လက်တွေ့ပိုင်းဆောင်ရွက်ချက်များနှင့် အာဆီယံအစည်းအဝေးများမှ သဘောတူဆုံးဖြတ်ချက်များ ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအပါအဝင် မြန်မာသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

**ပေါင် ဒီဇင်ဘာ ၄**

ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု သဗြုချောင်ကျေးရွာ၌ ငွေကျပ် ၉ ဒသမ ၇၅ သန်းဖြင့် (Snow Ball) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော လေးလက်မ စက်ရေတွင်း၊ တွင်းနက်တူးဖော်ခြင်းနှင့်ဂါလန် ၁၂၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း ဆောင်ရွက်နေမှုကို နိုဝင်ဘာလ နောက်ဆုံးပတ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများ စစ်ဆေးပြီး ကြယ်မြင့်မိုရ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဖြူဘာ-သဲကုန်းကျောက်ရော မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(မြန်မာ့အလင်း)**

# နမ့်စန်မြို့၌ မီးလောင်မှုဖြစ်ပွား

**နမ့်စန် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့ ပြည်ထောင်စုလမ်းမကြီးဘေး အမှတ်(၂)ရပ်ကွက် ရာစု(၁) အိမ်အမှတ်(၂/၄၁၃)(ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်) ဦးတင်ဝင်း၏နေအိမ်၌ ယနေ့ညနေ ၃ နာရီခန့်က ဆိုင်ကယ်ဆီဖြည့်ရာမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



မီးလောင်ရာသို့ နမ့်စန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီး၊ နမ့်စန်လေတပ်စခန်းဌာနချုပ်မှ မီးသတ်ယာဉ် နှစ်စီး ၊ လွိုင်လင်ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် တစ်စီး စုစုပေါင်းငါးစီးနှင့် ရေသယ်ထော်လာဂျီများဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရာရှိစစ်သည်များနှင့် ပြည်သူများက စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့သည်။

မီးပေါ့ဆစွာသုံးစွဲသူ ဦးတင်ဝင်း(၆၂နှစ်)အား နမ့်စန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားဖြင့်ထိုးသတ်သူ တင်မြင့်(ခ)အေးလွင်အား ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက သေဒဏ်အမိန့်ယနေ့ချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာနေ(ဘ) ဦးအေးသိန်း၏သား တင်မြင့်(ခ)အေးလွင်အား



ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ဓားဖြင့် ထိုးသတ်သူ တင်မြင့် (ခ) အေးလွင်ကို တရားရုံးမှ ပြန်လည်ခေါ်ဆောင်စဉ်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁ခ)အရ သေဒဏ်ကျခံစေရန် (မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေ)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၂ အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်ကျခံစေရန်နှင့် ပြစ်မှုနှစ်ရပ်အား သီးခြားစီကျခံစေရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး(၁) ဦးဉာဏ်ထွန်းက ယနေ့အမိန့်ချမှတ်လိုက်သည်။

အမှုမှာလွန်ခဲ့သည့် စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က သန်လျင်မြို့မရဲစခန်းမှ ရဲအုပ်အောင်နိုင်၊ ရဲတပ်ကြပ် သူရလွင်နှင့်အဖွဲ့သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ၁၈ ကုန်းထိပ် သဘာဝအလှတည်းခိုရိပ်သာတွင် တရားခံပြေးတင်မြင့်ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် တင်မြင့်က ပြန်လည်ခုခံကာ ရဲအုပ်အောင်နိုင်အား လည်ပင်းထိုးသွင်းဒဏ်ရာ၊ ရဲတပ်ကြပ်သူရလွင်အား ညာဘက်ရင်အုံထိုးသွင်းဒဏ်ရာ နှစ်ချက်ဖြင့် အခင်းဖြစ်နေရာတွင် ထိုးသတ်ခဲ့ပြီး ကျန်ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာအနာတရရရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် ထိုသို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က အမျိုးသားတစ်ဦးကို ဓားဖြင့်ထိုးခဲ့သည့်အမှုအတွက်လည်း တင်မြင့်ကို သန်လျင်မြို့နယ် တရားရုံးက ပြီးခဲ့သည့် အောက်တိုဘာ ၂၉ ရက်တွင် ပြစ်မှုပုဒ်မ ၃၂၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခု သေဒဏ်ပြစ်ဒဏ်ချမှတ်ခံရသူ တင်မြင့်သည် ၁၉၉၀ ခုနှစ်က တရားခံပြေးအဖြစ် ထွက်ပြေးတိမ်းရှောင်စဉ် လိုက်လံဖမ်းဆီးသူ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့၍လည်းကောင်း၊ တရားရုံး၌ ရုံးထုတ်စစ်ဆေးစဉ် သံခြေချင်းကိုဖြုတ်၍ အစောင့်ရဲအား ရိုက်နှက်ထွက်ပြေးခဲ့၍လည်းကောင်း ယနေ့နံနက် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးသို့ ၎င်းအား ရုံးထုတ်စဉ်လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင် အများအပြားက အသင့်အနေအထားဖြင့် စောင့်ကြပ်လိုက်ပါခဲ့ကြပြီး တရားရုံး၏ အမိန့်ချမှတ်မှုအပြီးတွင် ချက်ချင်းပြန်လည် ခေါ်ဆောင်သွားသည်ကို တွေ့ရသည်။

တရားခံတင်မြင့်၏ ယခုသေဒဏ် ပြစ်ဒဏ်ကျခံခဲ့ရသည့် အဆိုပါမှုခင်းဖြစ်စဉ်သည် လူမှုကွန်ရက်ထက်တွင် လျင်မြန်စွာပျံ့နှံ့ခဲ့၍ တစ်နိုင်ငံလုံးက ပိုမိုစိတ်ဝင်စားခဲ့ကြသည်။ အထူးသဖြင့် ဒေသခံ သန်လျင်မြို့ခံ ပြည်သူများ အထူးစိတ်ဝင်စားခဲ့ကြပြီး ဓားဖြင့်ထိုးသတ်ခံရသူ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်သူရလွင်တို့၏ နာရေးအခမ်းအနားကျင်းပရာ သန်လျင်မြို့နယ်ရှိ သုသာန်သို့ ဒေသခံများအပါအဝင် ပြည်သူတစ်သိန်းနီးပါးခန့် လာရောက်ပို့ဆောင်ခဲ့ကြသည်။

**ကိုရဲ**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အငှားယာဉ်မောင်းအား လူသတ်လုယက်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၄

**ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဒေါ်ဌေးဌေးဦးသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်း၏ ခင်ပွန်းဖြစ်သူ အငှားယာဉ်မောင်း ဦးမောင်မောင်မြိုင်မှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မောင်းမကန်လမ်းပေါ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ကြားသိရသဖြင့် သွားရောက်ကြည့်ရှုရာ ခင်ပွန်းဖြစ်သူ မောင်းနှင်သည့်အငှားယာဉ်မှာ မောင်းမကန်လမ်းပေါ်တွင်ရပ်ထားသော လိုက်ထရပ်ယာဉ်ကို နောက်ဘက်မှ ဝင်ရောက်တိုက်မိထားပြီး ယာဉ်၏ ယာဘက်ဘေးမြေပြင်တွင် ခင်ပွန်းဖြစ်သူမှာ လည်ပင်းဝဲဘက်နှင့် ညှပ်ရိုးကြား ထိုးသွင်းဒဏ်ရာ၊ လည်ပင်းပွန်းခြစ်ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် အရေးယူပေးပါရန်တိုင်တန်းချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက (ပ)၅၉၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့သည်။**

နိုဝင်ဘာ ၂၅ ရက် ည ၁၁ နာရီခန့်တွင်လည်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ဦးမောင်မောင်၏ အငှားယာဉ်အား လူငယ်သုံးဦးက ငှားရမ်းစီးနင်းပြီး ယာဉ်မောင်းကို ရိုက်နှက်ထိုးကြိတ်၍ ယာဉ်ကို လုယက်ယူဆောင်သွားမှု ထပ်မံဖြစ်ပွားခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အငှားယာဉ်မောင်းများအား တိုက်ခိုက်လုယက်မှုများနှင့် ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ စီမံညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိစဉ် ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ရာမှ မှတ်ကြီး(ခ)ကိုထက်ထံမှ အရိုးအသွား ၁၁ လက်မခန့်ရှိ စကေဘာတစ်ချောင်းတွေ့ရှိသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး စစ်ဆေးရာ အဆိုပါ အမှုများတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ ဖိုးခွား(ခ)ဖြိုးသဲအား ဒီဇင်ဘာ ၁ ရက်တွင် လည်းကောင်း၊ ကြွက်ပေါက် (ခ) နိုင်လင်းထွန်းအား ဒီဇင်ဘာ ၂ ရက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ အဖိုးကြီး(ခ)ကျော်ကြီး(ခ)ကျော်ဇင်မင်းထွန်းအား ဒီဇင်ဘာ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။



**ဖိုးခွား(ခ)ဖြိုးသဲ၊ မှတ်ကြီး(ခ)ကိုထက်၊ ကြွက်ပေါက်(ခ)နိုင်လင်းထွန်းနှင့် အဖိုးကြီး(ခ)ကျော်ကြီး(ခ)ကျော်ဇင်မင်းထွန်း။**

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက(ပ)၅၉၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၂ အမှုကို ကျူးလွန်ခဲ့ကြောင်း၊ အခင်းဖြစ်သည့် နိုဝင်ဘာ ၂၁ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းလှည့်လည်သွားလာနေရာမှ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းသို့ ရောက်ရှိခဲ့ကြောင်း၊ ည ၁၁ နာရီခွဲခန့်တွင် ဒဂုံ တောင်-မြောက်လမ်းဆုံဘက်သို့ လမ်းလျှောက်လာစဉ် ပြည်ထောင်စုလမ်းအတိုင်း မောင်းနှင်လာသည့် အငှားယာဉ်တစ်စီးကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရုံးလမ်းကားမှတ်တိုင်သို့ ငှားရမ်းစီးနင်းခဲ့ကြောင်း၊ ပြည်ထောင်စုလမ်းမရှိ မဝတလမ်းဆုံမီးပွိုင့်သို့ ရောက်ရှိစဉ် အငှားယာဉ်မောင်းနှင့် စကားများခဲ့ကြပြီး အခင်းဖြစ်နေရာအနီးအရောက်၌ ယာဉ်မောင်းအားဝိုင်းဝန်းချုပ်နှောင်ကာ ယာဉ်မောင်း၏ လည်ပင်းကိုဓားဖြင့် ထိုးခဲ့ပြီးနောက် ဖိုးခွား(ခ)ဖြိုးသဲက ကားစက်နှိုးပြီး မောင်းနှင်ခဲ့ရာ ရပ်ထားသော လိုက်ထရပ်ယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ၎င်းတို့က ယာဉ်မောင်းအား လမ်းဘေးသို့ ဆွဲချထားခဲ့ပြီး ယာဉ်မှာလည်း မောင်းနှင်မရသဖြင့် ထားခဲ့ကာ ထွက်ပြေးခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အငှားယာဉ်မောင်းများအား တိုက်ခိုက်လုယက်သည့်အမှုများ စုံစမ်းဖော်ထုတ်ရာမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အငှားယာဉ်မောင်းအား သတ်ဖြတ်လုယက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

## တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၄** မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်က တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်ရွာအမှတ်(၁၄/၉၉)နေ ဒေါ်ခင်ခင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ အောင်ညီစိုး(ခ)အာနိုးတို့နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၄၃၁ ကီလိုတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်က လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၉) အမှတ်(၄၆)နေ မလျှိုဖန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နဝမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၆-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)

**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ

**ကျင်းပမည့်နေရာ** - မင်္ဂလာခန်းမ

UMFCCI Office Tower (ပထမထပ်)၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

အစုရှယ်ယာလွှဲပြောင်းရန် မှတ်ပုံတင်ခြင်းကိစ္စများကို ၂-၁၂-၂၀၁၅ ရက်မှစ၍ ၁၆-၁၂-၂၀၁၅ရက်အထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာတစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များရှိပါက ဖုန်း- ၀၁-၂၃၁၇၀၉၁၊ ၀၁-၂၃၁၇၀၉၃နှင့် ၀၁-၂၃၁၇၀၉၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ ARR Shin Co.,Ltd. ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်အမှတ်- MQIL 115-160749 (06/05/2015)မူရင်းမှာပန်းဘဲတန်းမြို့နယ်အတွင်း လာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၄၅၂၃၃**

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အင်းကြင်းမြိုင်လမ်း၊ မြေတိုင်းအမှတ် - (၄၇)၊ မြေကွက်အမှတ်(၁၄၄)၊ အကျယ်(၄၃ပေ × ၆၀ ပေ)၊ မြေအမျိုးအစား နှစ်(၆၀)ဂရမ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်ဝေဝေသန်း (၇/ပမန (နိုင်) ၀၉၁၀၅၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအတွက် အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်မာမာဇင် **LL.B (Law)** | ဒေါ်မဥ္ဇူသင်း **LL.B, DBL** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ် (၈၁၀၄) | စဉ် (၃၈၀၉၁) |
| အမှတ်-၁၆(ခ)၊ တတိယထပ်၊ | ဖုန်း ၀၉ ၄၂၀၀၁၈၄၇၆ |
| ရေနံ့သာ(၂)၊နတ်မောက်လမ်း၊ | |
| တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ဖုန်း ၀၉၄၂၁၀၄၅၅၅၁ | |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီး၊ မင်းဘူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့်လူနာများအား ကုသပေးရန်လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲဓာတ်မှန်သုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၉-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ပြည်သူ့ဆေးရုံကြီး၊ မင်းဘူးမြို့**
**ဖုန်း-၀၆၅-၂၁၅၁၁(၁၀၁)၊ (၁၀၃)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H-5334 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I-8541 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ❒ ရှေ့ဖုံးမှ

အင်းလေးကန် ဒေသသည် မြန်မာနိုင်ငံအတွက် ထူးခြားထင်ရှားသည့် ဒေသတစ်ခုဖြစ်ပြီး တိုင်းရင်းသား လူမျိုးစုများ၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ရိုးရာယဉ်ကျေးမှုများ၊ ဘာသာရေးဆိုင်ရာ သမိုင်းဝင်အဆောက်အအုံများစသည့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် တွေ့ရှိရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ကမ္ဘာ့အဆင့်အရေးပါသည့် နယ်မြေတစ်ခုအဖြစ် ထင်ရှားနေသည့်အတွက် ယခုလိုသတ်မှတ်ခံရသည်ကို ဂုဏ်ယူဝမ်းမြောက်ရမည် ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၄ ရက်က အင်းလေးဒေသ Aureum Palace Resort ၌ကျင်းပသည့် အင်းလေးကန် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အခမ်းအနားနှင့် ဇီဝအဝန်းနယ်မြေ စီမံအုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြောသည်။

ဇီဝအဝန်း နယ်မြေတစ်ခုတွင် အဓိကအရေးကြီးဆုံးမှာ နယ်မြေပိုင်းခြား စီမံအုပ်ချုပ်ခြင်းဖြစ်ပြီး အမာခံထိန်းသိမ်းရေးနယ်မြေ၊ ကြားခံနယ်မြေနှင့် အသုံးပြုနယ်မြေ(ဖွံ့ဖြိုးရေးဇုန်နယ်မြေ) စသည်ဖြင့် ပိုင်းခြားပြီး ဒေသခံများ၏ လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဟန်ချက်ညီညီ အုပ်ချုပ်လုပ်ကိုင်သွားရန်လိုကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

အင်းလေးကန်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းနှင့်လုပ်ငန်းစဉ်များအား ဆက်စပ်ပတ်သက်သူများ၊ ပြည်သူလူထုအကြား နားလည်သိရှိစေရန်၊ အင်းလေးကန် ဇီဝအဝန်းနယ်မြေ ထိန်းသိမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းရန်ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ အင်းလေးကန်၏ အရေးပါမှုနှင့် နိုင်ငံတကာအဆင့် အရေးကြီးထိန်းသိမ်းကာကွယ်ရမည့် နယ်မြေအဖြစ် ဆက်စပ်ပတ်သက်သူများအကြား ပိုမိုနားလည်သိရှိလာကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်ရရှိမည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

ဇီဝအဝန်းနယ်မြေ သတ်မှတ်ခံရခြင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် အသိအမြင်များလာစေကြောင်း၊ အစိုးရ ပြည်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိလာစေကြောင်း၊ ရေရှည်ထိန်းသိမ်းရေးအတွက် ပြည်တွင်း ပြည်ပမှ အကူအညီ အထောက်အပံ့များ ပိုမိုတိုးတက်ရရှိလာစေကြောင်း၊ ကမ္ဘာ့အဆင့်အသိအမှတ်ပြုနယ်မြေ စာရင်းဝင်ဖြစ်၍ ပိုမိုထင်ရှားလာပြီး ခရီးသွားလုပ်ငန်းတိုးတက် ဖွံ့ဖြိုးလာစေခြင်းဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိစေကြောင်း၊ အင်းလေးဒေသထွက်ကုန်များကို ဇီဝအဝန်းနယ်မြေအမှတ်တံဆိပ်ဖြင့် ကြော်ငြာထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ပိုမိုရရှိလာမှုစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ရှင်းပြသည်။

အင်းလေးကန်ဒေသ ဇီဝအဝန်းနယ်မြေ သတ်မှတ်အတည်ပြုချက်နှင့်အတူ လူသားနှင့်ဇီဝအဝန်းနယ်မြေဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကောင်စီမှ အော်ဂဲနစ်စိုက်ခင်းများ ထူထောင်ရန်၊ ပြည်ပသီးနှံမျိုးများ စိုက်ပျိုးခြင်းထက် ဒေသတွင်းသီးနှံမျိုးများကိုသာ ပိုမိုစိုက်ပျိုးရန်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအပါအဝင် ဓာတုဆေးဝါးများအသုံးပြုမှုလျှော့ချသုံးစွဲရန်တို့ကို ဆက်လက်လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အချက်များအဖြစ် ထည့်သွင်းဆုံးဖြတ်ထားကြောင်းလည်း သိရသည်။

လူသားနှင့် ဇီဝအဝန်းနယ်မြေသည် ယူနက်စကိုအဖွဲ့ကြီး၏ ဇီဝအဝန်းနယ်မြေများအချင်းချင်း ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား အတူတကွ ယှဉ်တွဲနေထိုင်မှုမှ သိပ္ပံသုတေသန၊ ပညာပေးရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ညှိနှိုင်းပေါင်းစပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်နိုင်ရန် ချမှတ်ထားသော လုပ်ငန်းအစီအစဉ်ဖြစ်ကြောင်း သိရသည်။

## ❍ ကျောဖုံးမှ

အုပ်စု ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၅ ရက်(ယနေ့)တွင် အိမ်ရှင်စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်နေသော Goalball ပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့ နေ့လယ်ပိုင်းမှ စတင်ကာ စင်ကာပူနိုင်ငံရှိ Marina Bay Sands တွင် ကျင်းပခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက အိမ်ရှင် စင်ကာပူအသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို ၁၅ ဂိုး-ကိုးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

## လူ့ယဉ်ကျေးမှုသမိုင်းအတွဲ(၂)၊ ဂရိကရသောအမွေ အတွဲ(၃)ထွက်ပြီ

**နေပြည်တော် ဒီဇင်ဘာ ၄**

"ဝီလ်ဒူးရန့်"ရေးသား၍ "လှိုင်သင်း"ဘာသာပြန်သော "လူ့ယဉ်ကျေးမှုသမိုင်း အတွဲ(၂)၊ ဂရိကရသောအမွေ အတွဲ(၃) ထွက်ရှိလာသည်။ အယ်လက်ဇန်းဒါးကွယ်လွန်ချိန်အထိ အီဂျစ်နှင့် အရှေ့ အနီး၏ လူ့ယဉ်ကျေးမှုသမိုင်းနှင့် ယနေ့ခေတ်အထိ အိန္ဒိယ၊ တရုတ်နှင့် ဂျပန်တို့၏ လူ့ယဉ်ကျေးမှုသမိုင်း၊ ဂရိနှင့်ရောမ၏ လူ့ယဉ်ကျေးမှုသမိုင်း၊ ဘာသာရေးတန်းစီလှည့်လည်ခြင်း ဂရိဓလေ့ထုံးတမ်းများ၊ သန့်စင်အောင်ပြုလုပ်သောအခမ်းအနား၊ မြင့်မြတ်သော ယဇ်ပူဇော်မှု၊ ငရဲ ဘီလူး၊ ကြေးချွတ်ဘုံ၊ အပြစ်ဖြေပေးခြင်းနှင့် ကောင်းကင်ဘုံဆိုသော ဂရိအတွေးအခေါ်များ၊ ဖန်ဆင်းခြင်းနှင့် ကမ္ဘာတစ်ခုလုံး နောက်ဆုံးမီးလောင်ပြာကျမှုနှင့်ပတ်သက်သော စတိုးအစ်နှင့် လက်သစ်ပလေးတိုဝါဒ၏ သီဝရီများ အစရှိသည်တို့ ပါဝင်သည်။ ပါးရှန်း-ဂရိစစ်ပွဲကြီး အပါအဝင် သမိုင်းဝင်စစ်ပွဲပေါင်းများစွာအကြောင်း ဖတ်ရှုနိုင်သည်။




တန်ဖိုးမှာ ငွေကျပ် ၈၀၀၀ ဖြစ်ပြီး "ကံ့ကော်ဦးမွန်" စာပေက ဖြန့်ချိထားသည်။ **(မြန်မာ့အလင်း)**

## ဒီဇင်ဘာ ၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၉၀၀၀ | အသစ် |
| ၃။ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်၊ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၈၀ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ပခုက္ကူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၃၇၀၀ | ရှယ်၊လတ် |
| ၁၀။ | ကြက်သွန်နီ | တရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၂၀၀ | သစ်၊လတ် |
| ၁၁။ | ကြက်သွန်နီ | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၆၀၀ | ရှယ်၊လတ် |
| ၁၂။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၀၀၀ | ရှယ်၊လတ် |
| ၁၃။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၆၀၀ | ထူး၊၂၊၃၊၄၊၅ |
| ၁၄။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၇၉၀ | A1,OK,S1,S2 |
| ၁၅။ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၅၀၀၀ မှ ၂၁၅၀၀၀ | |
| ၁၆။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ | |
| ၁၇။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ | အချဉ် |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

**မှတ်ချက်။ ကြက်သွန်နီ(ဆိပ်ဖြူ)ဈေးသည် နိုဝင်ဘာ ၃၀ (တနင်္လာနေ့) ဈေးကွက်ဖွင့်ဈေးနှုန်းမှာ ကျပ် ၂၅၀၀ မှ ၃၅၀၀ ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက် (သောကြာနေ့) ဈေးကွက်ဖွင့်ဈေးနှုန်းမှာ ကျပ် ၃၀၀၀ မှ ၃၂၀၀ ဖြစ်သဖြင့် ဈေးနှုန်းပြောင်းလဲမှုအနည်းငယ်ရှိခဲ့သည်။**


### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

၁။ မြေနီကုန်း၊ ပေ(၂၅×၅၀)၊ ဒုတိယထပ်၊ ကျွန်းပါကေး၊ MBR(1),BR(1)၊ ဘိုထိုင်၊ ဖုန်း၊ ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ သိန်း(၁၄၉၀)

၂။ စမ်းချောင်း၊ပေ(၁၂$\frac{၁}{၂}$×၅၀)၊မြေညီထပ်(ထပ်ခိုးပြည့်ပါ)၊ ကျွန်းပါကေး၊ အိပ်ခန်း(၁)၊ Aircon(1)၊ ကြွေပြားပြည့်၊ ပြင်ဆင်ပြီး တိုက်ခန်းသန့်(သစ်)။ သိန်း(၉၁၀)

**ဖုန်း-၀၉-၇၃၁၅၆၄၉၄၊၀၉-၅၀၇၁၁၄၄**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)အရ**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

၁။ ဦးခင်မောင်မောင် **နှင့်** ၁။ မောင်ကျင်ရွှေ
၂။ ဒေါ်ခင်မာမာ ၂။ မောင်အုန်း
၃။ ဒေါ်စန်းနွဲ့
**တရားလိုများ** **တရားပြိုင်များ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၄၄ နေ မောင်ကျင်ရွှေ၊ မောင်အုန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေနှင့်ပါ၍ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၇ ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းမင်းကြိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

### ယာဉ်မောင်းအလိုရှိသည် (ညှိနှိုင်းလစာ)

မြို့တွင်း၊ နယ်ဝေး မောင်းနိုင်ရမည်။

09-73142168
09-261442665

Truly Myanmar Travel & Tour Co.,ltd

### ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း၊ မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ ရာဇဓိရာဇ်လမ်းနေ ဦးတင်အေး ၁၀/ပမန(နိုင်)၂၃၀၁၀၉-(ဒေါ်ခင်သန်း(ခ)ရှောင်ဝါး) ၁၀/ပမန(နိုင်)၂၁၂၇၁၁တို့၏သမီးထွေး မတင်မိုးခိုင် ၁၀/ပမန(နိုင်)၁၁၈၀၄၈သည် မိဘစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် အိမ်မှထွက်သွားသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သော ကိစ္စရပ်များကို တာဝန်ယူမည်မဟုတ်ပါ။ **ဦးတင်အေး-(ဒေါ်ခင်သန်း)**

### ဖခင်အမည်မှန်

သံတွဲခရိုင် ဂွမြို့နယ်၊ ဂွမြို့၊ အထက၊ နဝမတန်း (A)မှ မခင်လဲ့လဲ့ဝေ၏ ဖခင်အမည်မှန်မှာ ၁၁/ဂမန(နိုင်)၀၀၇၉၇၃အရ ဦးကျော်လင်းဖြစ်ပါကြောင်း။

**ဦးကျော်လင်း**

### ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းသန်းအေး ၁၀/မလမ(နိုင်)၀၀၈၆၀၆ ၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**

### မြေကွက်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ်(၂)လမ်း (ပေ ၄၀×ပေ ၆၀) ဂရန်အမည်ပေါက် ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

**ဖုန်း-၀၉-၅၀၈၁၆၆၀၊ ၀၉-၉၇၃၁၄၁၀၆၄**

### ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက(ကမာဝက်)၊ အဋ္ဌမတန်းမှ မိနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးကံထူးဖြစ်ပါကြောင်း။

**ဦးကံထူး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၂၊ မြေကွက်အမှတ် ၁၀၆/က၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧက၊ မြေကွက်တည်နေရာအမှတ် ၁၀၆/က၊ စိန်ပန်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးဘဝင်း CA-၀၅၃၉၃၉) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်တင့် ၁၂/လသယ(နိုင်)၀၁၁၂၂၈ ၏ တစ်ဦးတည်းတရားဝင် ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ၊ အမည်ပေါက်၏ သေစာရင်း၊ ဂရန်မူရင်းနှင့် ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံး ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဒေါ်ခင်တင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၁၃၄/၁၅(၂၀-၇-၁၅)ရရှိထားသူ ဒေါ်နော်လွဲဖော ၁၂/ထတပ(နိုင်)၁၀၉၀၈၇မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်မ မတင်တင်သော် ၁၀/မဒန(နိုင်)၀၃၃၉၇၉၏ Passport (No- မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၈၅၂၀Toyota Hilux Surf K2N 125 S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ထွေး ၇/မလန(နိုင်)၀၂၇၃၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

### စာအုပ်စာပေ လူ့မိတ်ဆွေ

## သတင်းတိုများ

### သောက်သုံးရေလုံလောက်စွာရရှိရေးအတွက်စက်ရေတွင်းတူးဖော်ပေး

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ထန်းတောကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းသစ်တစ်တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၉ ဒသမ ၉၅ သန်းဖြင့် တူးဖော်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါစက်ရေတွင်းသည် အနက်ပေ ၄၀၀ လေးလက်မတွင်းဖြစ်ပြီး ကုန်းဘောင်ကုမ္ပဏီက တာဝန်ယူတူးဖော်ခဲ့ကာ ယခုအခါ ရေတွင်းပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် သောက်သုံးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

### ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ကျင်းပလျက်ရှိသော ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ကသာမြို့မီတာ ၄၀၀ အားကစားကွင်း၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် ကသာမြို့နယ်အသင်းက အင်းတော်မြို့နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ဆုများကို ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်အုန်းနှင့်တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့သည်။

**လှအောင်(ကသာ)**

### ကလေးငယ်များဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကလေးငယ်များ၏ ဉာဏစွမ်းရည်ထက်မြက်စေရေးအတွက် ဉာဏစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မူကြိုကျောင်းသား ကျောင်းသူ ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲများအနေဖြင့် တစ်ဦးချင်းပုံပြောပြိုင်ပွဲ၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ကဗျာရွတ်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများ ပါဝင်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်တင်တင်အေး၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်၊ အိမ်တွင်းမှုသင်တန်း ကျောင်းအုပ် ဒေါ်ဝင်းမာဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ပြီး ဆုရရှိသောကလေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**



## ငဖဲမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီး

**ငဖဲ ဒီဇင်ဘာ ၄**

ငဖဲမြို့နယ် ပြည်သူ့ဆေးရုံ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများဖြင့် တည်ဆောက်ခဲ့သော ၂၅ ခုတင်ဆံ့ တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို ဒီဇင်ဘာလဆန်းတွင် ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၁၀၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၂၂ ပေ၊ အနံ ၂၉ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကာ အမျိုးသား အမျိုးသမီး လူနာဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ပါဝင်သည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ခွင့်ပြုငွေကျပ်သိန်း ၁၄၀၀ ဖြင့် အလျား ၄၄ ပေ၊အနံ ၃၆ ပေရှိ နှစ်ခန်းတွဲဆရာဝန်နေအိမ် တစ်လုံး၊ အလျား ၇၂ ပေ၊အနံ ၃၂ ပေရှိ လေးခန်းတွဲ သူနာပြုနေအိမ်တစ်လုံးနှင့် အလျားပေ ၅၀၊ အနံ ၃၄ ပေရှိ လေးခန်းတွဲ ဝန်ထမ်းနေအိမ်တစ်လုံးတို့ကို ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံတော်ခွင့်ပြုငွေကျပ် သိန်း ၄၀၀ ဖြင့် ငဖဲမြို့နယ် ပြည်သူ့ဆေးရုံဟောင်းကို ကြမ်းခင်းကွန်ကရစ်ခင်းခြင်း၊ ခွဲစိတ်ခန်း တိုးချဲ့၊ တီဘီနှင့် ဓာတ်မှန်ခန်းဆောင်များ ဆောက်လုပ်ခြင်းစသည့် အကြီးစားပြင်ဆင်မှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးခွင့်ပြုချက်ရရှိရန် တင်ပြထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ၂၀၁၅ ခုနှစ် အကောင်းဆုံးလက်ဝှေ့သမားဆုချီးမြှင့်ပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၄**

၂၀၁၅ ခုနှစ်၏ အကောင်းဆုံးမြန်မာ့ရိုးရာလက်ဝှေ့သမားဆုအပါအဝင် မြန်မာ့ရိုးရာလက်ဝှေ့ဆိုင်ရာ ဆုများချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေးမြို့ ၇၆ လမ်းနှင့် ၃၅လမ်းထောင့်ရှိ ကီးမားတင်ဝင်းစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ အကောင်းဆုံးအားကစားသမားဆု၊ မြန်မာ့ရိုးရာလက်ဝှေ့ အတိုးတက်ဆုံးအားကစားသမားဆု၊ မြန်မာ့ရိုးရာလက်ဝှေ့ အလဲထိုးဘုရင်ဆုနှင့် မြန်မာ့ရိုးရာလက်ဝှေ့ ကြိုးစားအားထုတ်မှုဆုဟူ၍ ဆုလေးဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း စီစဉ်ပြုလုပ်သူတစ်ဦးက ပြောကြားသည်။

မြန်မာ့ရိုးရာလက်ဝှေ့သည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပြီး ရှေးမြန်မာဘုရင်များလက်ထက်တွင် ဘုရင်များကိုယ်တိုင် လက်ဝှေ့သမားများကို ချီးမြှောက်ခဲ့သော ရိုးရာအားကစားတစ်ခုလည်းဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ပိုလီယိုရောဂါကာကွယ်ဆေးသစ် စတင်ထိုးနှံပေး

**မြင်းမူ ဒီဇင်ဘာ ၄**

ကလေးငယ်များတွင် ဖြစ်တတ်သည့် ပိုလီယိုရောဂါကာကွယ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကလေးငယ်များအား ဒီဇင်ဘာ ၁ ရက်က စတင်ပြီး ပိုလီယိုရောဂါကာကွယ်ဆေးအသစ် (Inactivated Polio Vaccine - IPV) ဖြင့် စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ပိုလီယိုရောဂါ ကာကွယ်ဆေးသစ်ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက မြင်းမူမြို့ပေါ်ရပ်ကွက်များမှ အသက်လေးလအရွယ် ကလေးငယ်များအား ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌လည်းကောင်း၊ ကျေးရွာများရှိ ကလေးငယ်များအား ကျေးလက်ကျန်းမာရေးဌာနခွဲများရှိ ကျန်းမာရေးဝန်ထမ်းများက ကျေးရွာများ အရောက်သွားရောက်၍ လည်းကောင်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

"ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် ထိုးနှံပေးနိုင်ဖို့အတွက် အသက် လေးလအရွယ် ကလေးငယ်တွေကို စာရင်းကောက်ယူပြီးတော့ လစဉ် လဆန်း၁ ရက်နဲ့ ၂ ရက်နေ့တိုင်း ထိုးနှံပေးနေတာ ဖြစ်ပါတယ်။

"မြင်းမူမြို့နယ်အတွင်းမှာ အသက်လေးလအရွယ် ကလေး ၁၅၈၅ ဦးကို ပိုလီယိုရောဂါကာကွယ်ဆေးအသစ် ထိုးနှံပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက ပြောကြားသည်။

အဆိုပါ ပိုလီယိုရောဂါကာကွယ်ဆေးအသစ် (Inactivated Polio Vaccine - IPV) စတင်ထိုးနှံပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးဆွေးနွေးပွဲကိုလည်း မြင်းမူမြို့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အသက်လေးလအရွယ် ကလေးများ၏ မိခင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပြည်သူလူထုအခြေပြု ရေမီတာသုံး ပိုက်လိုင်းရေပေးဝေရေးစနစ် ဖွင့်လှစ်

**ပခုက္ကူ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာကျေးရွာ၌ ဒေသခံပြည်သူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု ရေမီတာသုံး ပိုက်လိုင်းရေပေးဝေရေးစနစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

မြိုင်မြို့နယ်တွင် ရေမီတာသုံး အိမ်သွယ်ရေတိုင်ရေပိုက်လိုင်းစနစ်သွယ်ယူရာတွင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သည့် ကျေးရွာပေါင်း ၆၃ ရွာနှင့် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာ ၅၈ ရွာ စုစုပေါင်း ၁၂၁ ရွာ ရှိကြောင်း၊ ယခု ဖွင့်လှစ်သော ညောင်ကျေးရွာ ရေမီတာသုံး အိမ်သွယ်ရေတိုင်ရေပိုက်လိုင်းစနစ်အတွက် ယူနီဆက်မှ ကျပ် ၂၅၁ သိန်းတန်ဖိုးရှိသော ပိုက်အမျိုးမျိုးနှင့် မိုနိုပန့်(Element)များ ထောက်ပံ့ကူညီပြီး ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ် ၆၈၂ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပိုင်းဆိုင်ရာများကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားဒေသတစ်ခုဖြစ်ကာ ညောင်ရွာကျေးရွာသည်လည်း ယခင်က မိုးရေကန်များမှ ရေကိုသာ အဓိကထား၍ သုံးစွဲခဲ့ရကြောင်း၊ နွေရာသီ ရေနည်းပါးချိန်တွင် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်ကာ ရေခပ်ယူအသုံးပြုခဲ့ကြရကြောင်း၊ ယခု ရေမီတာသုံး ပိုက်လိုင်းရေပေးဝေရေးစနစ်သည် အိမ်ထောင်စု ၅၃၂ စုအတွက် ရေမီတာသုံး ရေသွယ်ပိုက်လိုင်းများ စနစ်တကျ တပ်ဆင်ပေးထားသဖြင့် သန့်ရှင်းသော ရေကောင်းရေသန့်ကို လုံလောက်စွာရရှိကာ ရေကြောင့်ဖြစ်တတ်သည့်ရောဂါများ လျော့နည်းစေပြီး ရေအလေအလွင့်လည်း နည်းပါးစေမည်ဖြစ်သည်။



ရေပိုက်လိုင်းဖွင့်ပွဲတွင် မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာများမှ မြို့ပြသို့ဆက်သွယ်သော လမ်း၊တံတားများ ဖောက်လုပ်ခြင်း၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာများနှင့် ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ သောက်သုံးရေရရှိရေလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပြည်သူလူထုအခြေပြု CDD စီမံကိန်းအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ရန်ပုံငွေများထုတ်ပေးခြင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ယူနီဆက်မှ ရေရရှိရေးတာဝန်ခံအရာရှိ ဦးခင်အောင်သိန်းက စီမံချက်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာရေပေးဝေရေးကော်မတီမှ တာဝန်ရှိသူ ဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျေးရွာ ၁၂ ရွာမှ တာဝန်ရှိသူများထံ မိုနိုပန့် (Element)များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်း မကြာမီ ဖွင့်လှစ်တော့မည်



**ယင်းမာပင် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အနောက်မြောက်ဘက် မိုင် ၆၀ ခန့်အကွာရှိ အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးလာရောက်သောပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ဘုရားသို့သွားသောလမ်းကို အချိန်မီ ပြင်ဆင်လျက်ရှိကာ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ဘုရားဖူးလာရောက်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ စိတ်အေးချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ဖို့အတွက် အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်းကို နိုဝင်ဘာ ၂၃ ရက်ကတည်းကစတင်ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရဲ့ ကြီးကြပ်မှုနဲ့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်က တာဝန်ရှိသူတွေ၊ ဘုရားဂေါပကအဖွဲ့ဝင်တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ လူအင်အား ၆၀ ကျော်၊ ဘက်ဟိုးတစ်စီး၊ ဒိုဇာနှစ်စီး၊ ဂရေဒါ တစ်စီးနဲ့ ဆောင်ရွက်နေတာ ပွင့်ကြီးစခန်းနားအထိရောက်နေပါပြီ။ မိုးတွင်းက တောင်ကျရေတိုက်စားမှုကြောင့် ပျက်စီးခဲ့တဲ့ လမ်းပိုင်းနေရာတွေမှာ တားကတုတ်ကျင်းတွေရိုက်၊ ကျောက်ချ၊ မြေဖို့စတာတွေ ဆောင်ရွက်နေပါတယ်"ဟု အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်းပိုင်း ပြင်ဆင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားသည်။ ဘုရားဖူးရာသီလမ်းကို ပြီးခဲ့သည့်နှစ်က ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုနှစ်တွင် စောစီးဖွင့်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် အလောင်းတော်ကဿပသို့ ကားလမ်းဖြင့် သွားရောက်ကြရာတွင် မုံရွာ-တရော်ကျင်း-ကပိုင်-အလောင်းတော်လမ်းနှင့် မုံရွာ-ယင်းမာပင်-ဇီးတော-ကပိုင်-အလောင်းတော်လမ်းတို့မှ သွားရောက်မှုများပြားပြီး ကျန်လမ်းများဖြစ်သည့် ယင်းမာပင်-လည်ငေါက်-ကပိုင်-အလောင်းတော်လမ်း၊ ယင်းမာပင်-ပြန်လှည့်-တရော်ကျင်း-ကပိုင်-အလောင်းတော်လမ်းနှင့် ယင်းမာပင်-စားတော်ပြင်-ကုန်းရွာ-ကပိုင်-အလောင်းတော်လမ်းတို့မှလည်း သွားရောက်နိုင်ကြောင်းနှင့် အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် မုံရွာမြို့မှ အလောင်းတော်ကဿပအထိ တိုက်ရိုက်ပြေးဆွဲမည့် ကားလိုင်းများလည်းရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# JICA ချေးငွေဖြင့် ဖျာပုံမြို့တွင်း ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေး

**ဖျာပုံ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီက JICA ၏ (ODA loan)ဖြင့် ဆောင်ရွက်မည့် ဖျာပုံရေပေးဝေရေးစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖျာပုံရေပေးဝေရေးစီမံကိန်းသည် ဖျာပုံမြို့ (၆)လမ်းရှိ ကန်အမှတ်(၅)တွင် အခြေတည်ကာ ဖျာပုံမြစ်ရေကို သန့်စင်၍ ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက် ၁၃ ခုရှိ အိမ်ခြေ လေးထောင်ကျော်မှ လူဦးရေနှစ်သိန်းကျော်အတွက် တစ်နေ့လျှင် ရေဂါလန်ခြောက်သိန်း ပေးဝေနိုင်ရေးစီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသံချောင်းတို့က အမှာစကားပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို Diamond Wall co.,Ltd. မှ ပရောဂျက်ဒါရိုက်တာ ဒေါ်အိမြတ်မွန်နှင့် ဂျိုက်ကာမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီဝင်များက စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များဖြစ်သော ဖျာပုံမြစ်ရေအခြေအနေ၊ မြစ်ရေကို သန့်စင်ပြီးနောက် စွန့်ပစ်အနည်များကို စနစ်တကျစွန့်ပစ်နိုင်ရေး၊ လျှပ်စစ်မီးလုံလောက်စွာဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေးစီစဉ်ထားရှိရန် လိုအပ်ချက်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းယုရှိန်က "လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများအားလုံး စွမ်းအားမြှင့်တင်စို့" ဆိုသည့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ အားလုံးပါဝင်သော လူ့အဖွဲ့အစည်းဖြစ်ရန်အတွက် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အတားအဆီးများကို ဖယ်ရှားပြီး ကဏ္ဍအားလုံးတွင် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည် မြင့်မားလာအောင် အခွင့်အလမ်းများ ဖော်ဆောင်ပေးစေလိုကြောင်း၊ မိမိတို့ ပြည်နယ်တွင်းမှာရှိသည့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ဒေသတွင်းမှ ဌာနဆိုင်ရာများ၊ INGOs, NGOs အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဌေးက ဖတ်ကြားပြီး လှိုင်ကော်မြို့ပေါ်ရှိ ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသားကျောင်းသူများ၊ ဒီးမော့ဆိုမြို့နယ်ရှိ ရွှေမင်းသား မသန်စွမ်းသူများအဖွဲ့တို့က သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနား ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသော မသန်စွမ်းသူများနှင့် တေးသီချင်းများ ဖျော်ဖြေတင်ဆက်သော မသန်စွမ်းသူများအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ INGOs, NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မသန်စွမ်းကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ကျား-မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ပညာပေးဆွေးနွေးနှီးနှောဖလှယ်ပွဲ သင်တန်းဖွင့်

**ဗန်းမော် ဒီဇင်ဘာ ၄**

UNFPA နှင့် International Media Corps(IMC) တို့က ကြီးမှူး၍ ကျား-မ အခြေပြုအကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးဆွေးနွေးနှီးနှောဖလှယ်ပွဲသင်တန်းကို ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းကုန်းရပ်ကွက်ရှိ Friendship ဟိုတယ်၌ ဒီဇင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကချင်ပြည်နယ်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မီဒီယာများမှ သတင်းသမားများအား သင်တန်းဆရာများဖြစ်သည့် UNFPA မှ Mr.Lionel Laforgue၊ IMC မှ Mrs.Pamela Di Camillo၊ ဒေါက်တာကျော်ဝေအောင်နှင့် ဒေါက်တာအိခိုင်ဇင်တို့က ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာအကြောင်းအရာများကို အပြန်အလှန်နှီးနှော ဆွေးနွေး၍ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **နီတိုး(မော်လူး)**



# ခွဲစိတ်ခန်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ဟားခါး ဒီဇင်ဘာ ၄**

ဟားခါးမြို့ရှိ ချင်းပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ သီတဂူစက္ခုဒါနဆေးရုံ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရန်ကုန်)က ခွဲစိတ်ခန်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ဒီဇင်ဘာ ၂ ရက်က ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် သီတဂူဆရာတော်ကြီးမှလှူဒါန်းသည့် မျက်စိခွဲစိတ်ခန်းသုံးပစ္စည်း ရှစ်မျိုးကို ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက ဟားခါးမြို့ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာသိင်္ဂီဝင်း (မျက်စိအထူးကုဆရာဝန်ကြီး)နှင့် လက်ထောက်ဆေးရုံအုပ် ဒေါက်တာအောင်ကျော်နိုင်တို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း မြို့နယ်အဆင့်သင်တန်းဖွင့်

**ငဖဲ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည့် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအတွက် မြို့နယ်အဆင့်သင်တန်းကို နိုဝင်ဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။




ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်က အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာချမ်းမြေ့အေးသောင်က ငဖဲမြို့နယ် ရပ်ကွက်ကျေးရွာများအတွင်းရှိ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများ ပိုလီယိုရောဂါခုခံကာကွယ်စွမ်းအား မြင့်တက်လာစေရန် ရည်ရွယ်၍ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ရာ ကာကွယ်ဆေးတိုက်ကျွေးမည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် ကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ် အောင်မြင်ရန်အတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ငဖဲမြို့နယ်မှ ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၅၁ ဦးအား တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင်က သင်တန်းပို့ချခဲ့ပြီး ညနေပိုင်းတွင် အသေးစိတ်အစီအစဉ် (micro-plan)များကို သင်တန်းဆရာနှင့် သင်တန်းသားများ ပူးပေါင်းရေးဆွဲခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရန်ကုန်အိုင်တီနှင့် မိုဘိုင်းပြပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ Yangon ICT Fair 2015(Computer and Mobile)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၁၁ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို အိုင်တီနည်းပညာနှင့် မိုဘိုင်းနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ မိုဘိုင်းနည်းပညာနှင့် ပစ္စည်းများ၊ အသုံးချကွန်ပျူတာဆော့ဖ်ဝဲများကို ကုမ္ပဏီပေါင်း ၆၀ က ပြခန်းပေါင်း ၁၄၅ ခန်းဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပြပွဲတွင် ပါဝင်ပြသသော နည်းပညာကုမ္ပဏီများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်များက အထူးအစီအစဉ်များဖြင့် ရောင်းချပေးသွားမည်ဟု သိရသည်။

**သူရဖြိုး**

# ဟွာဝေးဖုန်းများ ပြုပြင်မှုအဆင်ပြေစေရန် မြို့ကြီးများ၌ Collection Point များ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ဟွာဝေး၏ ဆားဗစ်စင်တာမရှိသေးသော မြို့များမှ ဟွာဝေးဖုန်းအသုံးပြုသူများ ဖုန်းများကိုပြုပြင်ရာတွင် အဆင်ပြေစေရန်အတွက် Collection Point များကို မြို့ကြီးများ၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ဖုန်းပြုပြင်မည့်သူများအနေဖြင့် မိမိတို့မြို့အလိုက် နီးစပ်ရာ Collection Point ဆိုင်များတွင် ဆားဗစ်ပြုလုပ်မည့် ဟွာဝေးဖုန်းများကို သွားရောက်အပ်နှံထားရုံဖြင့် Collection Point ဆိုင်များက ဟွာဝေး၏ ဆားဗစ်စင်တာများသို့ အခမဲ့ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ပြင်ပြီးချိန်တွင်လည်း Collection Point ဆိုင်များတွင်ပင် ပြန်လည်ထုတ်ယူနိုင်မည်ဟု သိရသည်။

လက်ရှိအချိန်တွင် မုံရွာမြို့၌ ဖုန်းဆိုင် လေးဆိုင်၊ ကလေးမြို့၌ သုံးဆိုင်၊ တောင်ငူ၊ မြိတ်နှင့် ပြင်ဦးလွင်၌ နှစ်ဆိုင်၊ လားရှိုး၊ ဘားအံ၊ ထားဝယ်၊ မြဝတီ၊ တောင်ကြီး၊ မိတ္ထီလာနှင့် ပခုက္ကူတို့၌ တစ်ဆိုင်စီကို Collection Point ဆိုင်များအဖြစ်ဖွင့်လှစ်ထားပြီး အခြားမြို့ကြီးများ၌လည်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# တယ်လီနော၏ ဒုတိယမြောက် Call Center မန္တလေး၌ ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၄**

တယ်လီနောမြန်မာ၏ ဒုတိယမြောက် Call Center ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ နိုဝင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ရန်ကုန်နှင့် မန္တလေးရှိ Call Center နှစ်ခုပေါင်းတွင် ဖုန်းခေါ်ဆိုမေးမြန်းမှုများကို ဖြေကြားပေးမည့် ကိုယ်စားလှယ် ၃၀၀ နီးပါးဖြင့် ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။




တယ်လီနော၏ မန္တလေး Call Center အသစ်ကို လန်ဒန်မြို့အခြေစိုက် Business Process Outsourcing (BPO) နှင့် IT solutions လုပ်ငန်းများတွင် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် UK တို့တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် Genex Infosys Limited မှ စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ "လက်ရှိမှာ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံမှာ အသုံးပြုသူ ၁၂ သန်းကျော်ကို ဝန်ဆောင်မှုပေးနေပါတယ်။ အသုံးပြုသူတွေကို ဝန်ဆောင်မှုပေးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ အွန်လိုင်းနဲ့ အရောင်းဆိုင်တွေက တိုက်ရိုက်ထိတွေ့မှုအပြင် အခုဒုတိယမြောက် Call Center ကလည်း အထောက်အကူပြုမှာဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Petter Furberg က ပြောသည်။

တယ်လီနော၏ လေ့လာချက်များအရ Call Center သို့ ဖုန်းခေါ်ဆို၍ မေးမြန်းသူအများစုမှာ အလိုအလျောက် ဖြေရှင်းမှုပြုလုပ်ပေးသည့် automated ဝန်ဆောင်မှုကိုသာ အသုံးပြုပြီး အနည်းစုကသာ လိုအပ်သည့်အချက်များ၊ မေးခွန်းများကို ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ပြောဆိုမေးမြန်းလိုကြကြောင်းလည်း တယ်လီနောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ကိုယ်တိုင်ဖြေရှင်းဖို့ဖြစ်နိုင်တဲ့ Optionရှိတဲ့အတွက် ဖြေရှင်းဖို့ လွယ်ကူတဲ့ကိစ္စတွေကို အလိုအလျောက်ဖြေကြားစက်တွေနဲ့ ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဝန်ထမ်းတွေအနေနဲ့ အသုံးပြုသူတွေသိချင်တဲ့ ပိုမိုရှုပ်ထွေးတဲ့ ကိစ္စတွေကို ဖြေရှင်းပေးနိုင်ဖို့ အချိန်ပိုရလာတာကြောင့် ထိရောက်မှုပိုရှိလာစေပါတယ်" ဟု တယ်လီနောမြန်မာ၏ Customer Care မှ အရာရှိ ဒေါ်ထက်ထက်ထွန်း (Hansen)က ပြောသည်။

တယ်လီနောသည် ပထမဆုံး Call Center ကို ရန်ကုန်မြို့၌ ၂၀၁၄ စက်တင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး မိတ်ဖက်ပါတနာဖြစ်သည့် Blue Ocean က တာဝန်ယူဆောင်ရွက်နေသည်။ တယ်လီနောမြန်မာ၏ Call Center နှစ်ခုစလုံးသည် တယ်လီနော အသုံးပြုသူများအတွက် သာမက အခြားအော်ပရေတာများကို အသုံးပြုနေသူများကိုလည်း အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ၂၄ နာရီ ဝန်ဆောင်မှုပေးနေကြောင်း၊ တယ်လီနော အသုံးပြုသူများအနေဖြင့် နံပါတ် ၉၇၉ သို့ ခေါ်ဆိုမေးမြန်းနိုင်ကြောင်းနှင့် အခြားအော်ပရေတာ အသုံးပြုသူများအနေဖြင့် ဖုန်း-၀၉-၇၉၀၀၉၇၉၀၀ သို့ ခေါ်ဆိုမေးမြန်းနိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

**New Product**

# Xiaomi ရဲ့ ပထမဆုံးလက်ဗွေစနစ်ပါတဲ့ စမတ်ဖုန်းသစ် Redmi Note 3

ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းကမှ တရုတ်နိုင်ငံဈေးကွက်မှာ စတင်ရောင်းချခဲ့တဲ့ စမတ်ဖုန်းသစ် Xiaomi Redmi Note 3 ဟာ ပြည်တွင်းဈေးကွက်ကိုတော့ မရောက်သေးပေမယ့် ပြည်တွင်းမှာ ကြိုတင်စိတ်ဝင်စားမှုများနေတာကြောင့် Xiaomi Redmi Note 3 ရဲ့ အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။

Redmi Note 3 ဟာ လွန်ခဲ့တဲ့ သုံးလကျော်ကမှ ထွက်ရှိထားတဲ့ Redmi Note 2 နဲ့ အရွယ်အစားနဲ့ လုပ်ဆောင်ချက်ပိုင်းမှာ သိပ်ပြီးကွာခြားချက်မရှိတာ တွေ့ရပါတယ်။ အဓိက ခြားနားချက်ကတော့ လက်ဗွေနဲ့ ဖုန်းဖွင့်နိုင်၊ ပိတ်နိုင်တဲ့ Finger Print Scanner ပါဝင်လာတာဖြစ်ပါတယ်။ Xiaomi အမှတ်တံဆိပ် ဖုန်းတွေထဲမှာ ပထမဆုံးအကြိမ် Finger Print Scanner ပါဝင်တဲ့ မော်ဒယ်လည်း ဖြစ်ပါတယ်။ ကိုယ်ထည်ပိုင်းမှာလည်း အပြောင်းအလဲအနေနဲ့ အရင် mi အမှတ်တံဆိပ် ဖုန်းအများစုလို ပလတ်စတစ်ကိုယ်ထည်မဟုတ်ဘဲ သတ္တုကိုယ်ထည်ကို သုံးထားပါတယ်။ မျက်နှာပြင်အရွယ်အစားက ၅ဒသမ ၅ လက်မရှိပါတယ်။




အန်းဒရွိုက်ဗားရှင်းအနေနဲ့ 5.1 Lollipop ကို သုံးထားပြီး Processor က Octa-core, 2000 MHz ကို သုံးထားလို့ Dual Core နဲ့ Quad Core စနစ်ကိုအသုံးများနေတဲ့ လက်ရှိဈေးကွက်ထဲက ဖုန်းတွေထက် သာနေပါတယ်။ RAM ကတော့ မင်မိုရီ 16GB ဖုန်းအတွက် RAM 2GB နဲ့ မင်မိုရီ 32 GB ဖုန်းအတွက် RAM 3 GB နှစ်မျိုး ထွက်ထားပါတယ်။

ကင်မရာအနေနဲ့တော့ ရှေ့ကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိပြီး နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ် ရှိပါတယ်။ ကင်မရာပိုင်းကို ပိုကောင်းစေမယ့် Dual LED ဖလက်ရှ်မီး ပါဝင်ပါတယ်။ ဘက်ထရီကလည်း 4000 mAh ဘက်ထရီကိုသုံးထားလို့ အသင့်ထားတဲ့အနေအထားမှာ ရက် ၂၀ လောက်ထားနိုင်ပြီး အင်တာနက်သုံးတာ၊ ဂိမ်းဆော့တာလို ဘက်ထရီစားတဲ့အလုပ်တွေကိုတောင် အချိန်အကြာကြီးလုပ်နိုင်မှာဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ်ထည့်သုံးနိုင်ပြီး နက်ဝပ်အနေနဲ့ GSM နဲ့ WCDMA နက်ဝပ်တွေမှာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနက်အသုံးပြုဖို့အတွက်လည်း 3G ကနေ 4G LTE အထိ ထောက်ပံ့ပေးနိုင်ပါတယ်။

တရုတ်နိုင်ငံဈေးကွက်တွင် စတင်ရောင်းချချိန်မှာ ၁၇၁ ဒေါ်လာဖြစ်လို့ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်ချိန်၌ ကျပ်နှစ်သိန်းခွဲခန့်သာ ရှိနိုင်တာကြောင့် ဈေးနှုန်းအနေနဲ့လည်း တန်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကတော့ မိုဘိုင်းဖုန်းဆိုင်တွေက တင်သွင်းဖို့ ကြိုးစားနေကြပေမယ့် ဝင်ရောက်မယ့်အချိန်ကို အတိအကျ မသိရသေးပါဘူး။

အားသာချက်တွေ အများအပြားရှိနေတဲ့ Redmi Note 3 ရဲ့ အဓိကအားနည်းချက်တစ်ခုကတော့ မင်မိုရီကတ် ထပ်တိုးစိုက်လို့ မရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဝယ်လိုက်တဲ့အတိုင်း 16 GB နဲ့ 32 GB ထက် ပိုမသုံးနိုင်တာက အဓိကအားနည်းချက်ဖြစ်နေပါတယ်။

**သူရဖြိုး**

# ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုနက်ဝပ်စာမေးပွဲများ သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

အိုင်တီနည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူများအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသောလူငယ်များအတွက် အထောက်အပံ့ဖြစ်စေမည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု Networking နည်းပညာဆိုင်ရာ စာမေးပွဲနှစ်ခုကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်နှင့် အသင်းခွဲများတည်ရှိရာ မန္တလေး၊ ရောဝတီ၊ ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၊ ရှမ်း၊ မွန်နှင့် ကရင်ပြည်နယ်များ၌ ဒီဇင်ဘာ ၂၀ ရက်တွင် တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးမည့် စာမေးပွဲနှစ်ခုမှာ Network Associate(NA)နှင့် Network Professional(NP)တို့ ဖြစ်သည်။ စာမေးပွဲကြေးမှာ NA အတွက် ကျပ်နှစ်သောင်းနှင့် NP အတွက် ကျပ်သုံးသောင်းဖြစ်ပြီး ကွန်ပျူတာပညာရှင်အသင်းဝင်ထားသူများကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ကာ ဒီဇင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။

စာမေးပွဲများကို နည်းပညာနယ်ပယ်သို့ စတင်ဝင်ရောက်လုပ်ကိုင်မည့်လူငယ်များ၏ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ အရည်အချင်းစစ်ဆေးရန် အဓိကထားပြီး စစ်ဆေးခြင်းဖြစ်သဖြင့် စာမေးပွဲအောင်မြင်သူများအနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် စတင်ဝင်ရောက်နိုင်မည်ဖြစ်သည်။

စစ်ဆေးမည့်စာမေးပွဲနှစ်ခုမှ NA စာမေးပွဲကို ဖြေဆိုမည့်သူများအတွက် စာမေးပွဲအထောက်အကူဖြစ်စေရန်နှင့် Networking နှင့်ပတ်သက်သည့် အခြေခံဗဟုသုတများ ပြည့်စုံစေရန်ရည်ရွယ်၍ စာမေးပွဲအထောက်အကူပြုသင်တန်းကိုလည်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ တစ်ရက်လျှင် ခုနစ်နာရီဖြင့် သုံးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းကို လှိုင်မြို့နယ် MICT Park အတွင်းရှိ Kanaung Hab တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းတွင် ကွန်ပျူတာများ၏ Hardware စနစ်အကြောင်း၊ နက်ခ်ဝပ်နည်းပညာ အခြေခံများ၊ နက်ခ်ဝပ်လုံခြုံရေး၊ နက်ခ်ဝပ်များအားစီမံခန့်ခွဲခြင်း စသည့် သင်ခန်းစာများကို သင်ကြားသွားမည်ဖြစ်ကာ အချို့သင်ခန်းစာများကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ICT Lab တွင် လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကြေးမှာ ကျပ်နှစ်သောင်းဖြစ်ပြီး စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသူများသာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းအတွက် ဒီဇင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

NA နှင့် NP စာမေးပွဲနှစ်ခုနှင့် ပတ်သက်သည့် အသေးစိတ်အချက်များနှင့် NA သင်တန်းနှင့် ပတ်သက်သည့် အချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ခြေကုန်ထုတ်ရမယ့် ဘိုင်ယန်မြူးနစ်၊ ရုန်းကန်ရမယ့်ဒေါ့မွန်တို့ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၅)

***ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကို ဒီတစ်ပတ်စနေ၊ တနင်္ဂနွေနေ့တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၅ရက် ညပိုင်းနဲ့ ၆ရက်တွေမှာ ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၅)ကို ဆင်နွှဲတဲ့အခါ ဘိုင်ယန်မြူးနစ်က အဝေးကွင်းမှာ ဂလာဘတ်နဲ့တွေ့ဆုံရမှာ ဖြစ်တာကြောင့် ပွဲကျပ်နေပြီး ဒေါ့မွန်တို့ကလည်း အဝေးကွင်းမှာ ဝုဖ်ဘတ်နဲ့ ရင်ဆိုင်ရမှာမို့ ရင်ပွင့်မတတ်ကစားကြရဦးမှာဖြစ်ပါတယ်။***

မိုးမြင့်လင်းလက်

### ဂလာဘတ်နှင့်ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်တို့က ဂလာဘတ်နဲ့ ကစားတဲ့ပွဲတွေမှာဆိုရင် အခုနောက်ပိုင်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရတာချည်း ဖြစ်ပါတယ်။ ဂလာဘတ်ဟာ ဘိုင်ယန်မြူးနစ်နဲ့ နောက်ဆုံးနှစ်ပွဲကစားခဲ့ရာမှာ ဂိုးမရှိ သရေပွဲတစ်ပွဲနဲ့ နှစ်ဂိုးပြတ်နိုင်ပွဲတစ်ပွဲရထားတာမို့ အခုပွဲမှာတော့ ဘိုင်ယန်မြူးနစ်တို့ ရှုံးကြွေးပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ ဂလာဘတ်တို့က အိမ်ကွင်းအားသာချက်ရှိနေပြီး ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေတာမို့ ဘိုင်ယန်မြူးနစ်တို့ လူစုံထုတ်ခင်းကျင်းမှ ရမှာဖြစ်ပြီး အမှတ်ရဖို့အတွက် ခြေကုန်ထုတ်ရပါလိမ့်မယ်။

### ဝုဖ်ဘတ်နှင့်ဒေါ့မွန်

ဝုဖ်ဘတ်နဲ့ဆုံတိုင်း ဒေါ့မွန်တို့ ပျာယာခတ်အောင် ကစားရတာချည်းပါပဲ။ အသင်းလိုက်စုဖွဲ့မှု ကောင်းတဲ့ဒေါ့မွန်တို့က ဒီပွဲမှာ တိုက်စစ်ဖွင့်ပြီး ဖိအားပေးကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ဝုဖ်ဘတ်တို့က ဒေါ့မွန်တိုက်စစ်မှူးတွေကို ကောင်းကောင်းထိန်းချုပ်ပါလိမ့်မယ်။ ဝုဖ်ဘတ်ဟာ မိမိကွင်း၊ မိမိပရိသတ်ရှေ့မှာ ဒေါ့မွန်ကို အောင်ပွဲခံနိုင်အောင် အားထုတ်ပါလိမ့်မယ်။

### ကိုလုံးနှင့်အော့စ်ဘတ်

တန်းဆင်းဇုန်ထဲက ရုန်းထွက်လာတဲ့ အော့စ်ဘတ်တို့က အခုပွဲမှာ ကိုလုံးနဲ့တွေ့တာမို့ပွဲမချောင်ပါဘူး၊ ပွဲတိုင်း အမှတ်ဆုံးရှုံးမှု မရှိအောင် ကစားလာတဲ့ ကိုလုံးတို့က ဒီပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကို ကြည့်ရင် အော့စ်ဘတ်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီပွဲမှာ အော့စ်ဘတ်တို့က အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင် ကြိုးစားမှာဖြစ်ပြီး ကိုလုံးတို့ကလည်း အိမ်ကွင်းမှာ အားထည့်တတ်တာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

### ဟမ်းဘတ်နှင့်မိန့်ဇ်

တစ်လှည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုက အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဟမ်းဘတ်တို့က အိမ်ကွင်းမှာဆိုရင် မိန့်ဇ်ကို အနိုင်ကစားနိုင်ပေမယ့် အဝေးကွင်းမှာဆိုရင် ခြေစွမ်းက ကျဆင်းတတ်ပါတယ်။ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဟမ်းဘတ်တို့ အသာစီးရတာများတာမို့ အခုပွဲမှာ မိန့်ဇ်ရဲ့ ကြိုးစားမှု အရာထင်ဖို့ မလွယ်ပါဘူး၊ အမှတ်လိုအပ်နေတဲ့ ဟမ်းဘတ်တို့ပဲ ဒီပွဲရဲ့အမှတ်တွေကို အကုန်သိမ်းယူပါလိမ့်မယ်။

### ဟာသာဘာလင်နှင့်လေဗာကူဆင်

ဟာသာဘာလင်နဲ့ ဆုံတိုင်း လေဗာကူဆင်တို့ နိုင်ပွဲတွေရအောင် စွမ်းဆောင်နိုင်ပါတယ်။ ဟာသာဘာလင်တို့ကတော့ အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပြနိုင်ပေမယ့် ရလဒ်ပိုင်းကောင်းမွန်အောင် ရုန်းကန်ခဲ့ရတာချည်းပါပဲ။ ဟာသာဘာလင်တို့က ဥရောပဝင်ခွင့်တစ်နေရာ မျှော်လင့်ချက်ရှိနေတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ အမှတ်ပြည့်ရယူရေး အာရုံစိုက်ကြိုးစားပါလိမ့်မယ်။



### အင်ဂိုစတက်နှင့်ဟော့ဖန်ဟိုင်း

ဟော့ဖန်ဟိုင်းတို့က အင်ဂိုစတက်နဲ့ အိမ်ကွင်းမှာ လက်ခံကစားတိုင်း ရှုံးပွဲမရှိခဲ့ပေမယ့် အခုပွဲက အဝေးကွင်းဖြစ်နေတာမို့ အလေးအနက် ကစားရတော့မှာပါ။ အမှတ်ပေးဇယား အောက်ဆုံးရောက်နေတဲ့ ဟော့ဖန်ဟိုင်းတို့က အခုပွဲမှာ အမှတ်ရဖို့ ဦးတည်ကစားမှာဖြစ်ပြီး အင်ဂိုစတက်တို့ကတော့ အိမ်ကွင်းအားသာချက်နဲ့အတူ နိုင်ပွဲရအောင်အာရုံစိုက်သွားပါလိမ့်မယ်။ နှစ်သင်းစလုံး အမှတ်လိုအပ်နေတာမို့ ဒီပွဲရလဒ်ဟာ တစ်မှတ်စီခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။ ။

## မန်ယူနဲ့အာဆင်နယ်အပြိုင်ခေါ်ယူမယ့်အိုင်းယက်တိုက်စစ်မှူး

မန်ယူနဲ့ အာဆင်နယ်က ဒတ်ချ်ကလပ်အိုင်းယက်တိုက်စစ်မှူး အက်ဒဲလ်ဟတ်ရော်ရီကို ခေါ်ယူဖို့ အပြိုင်ကြိုးစားနေတယ်လို့ သိရပါတယ်။ အသက် ၁၈ နှစ်အရွယ်သာ ရှိသေးတဲ့ ရော်ရီဟာ အိုင်းယက်လူကြီးအသင်းမှာ ပါဝင်ကစားလာပြီးနောက် ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေက ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာလို့ ဆိုပါတယ်။ ရော်ရီဟာ အနာဂတ် ဒတ်ချ်ဘောလုံးလောကမှ လင်းလက်တောက်ပလာမယ့် ကြယ်တစ်ပွင့်အဖြစ် တွေ့မြင်နေရတယ် လို့ ဗန်ဟားလ်က ဆိုပါတယ်။ အာဆင်နယ်ကလည်း လူငယ်ကစားသမားရော်ရီကို ခေါ်ယူဖို့ စိတ်ဝင်စားနေကြောင်း ပြောကြားခဲ့ပါတယ်။ အသက် ၁၈ နှစ်အရွယ်သာ ရှိသေးတဲ့ ရော်ရီဟာ အောင်မြင်တဲ့ ကစားသမားဖြစ်ဖို့ အလားအလာကောင်းများ ရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူနဲ့ အာဆင်နယ်တို့က လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့မှာ ခေါ်ယူဖို့ အသင့်ရှိနေပါတယ်လို့ ဆိုပါတယ်။ ရော်ရီကို စပါး၊ ဆောက်သမ်တန်၊ အဲဗာတန်နဲ့ ပီအက်စ်ဂျီတို့ကလည်း စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။






## ဗလင်စီယာကို ခြောက်လအတွင်း ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကြိုးစားမယ်ဆိုတဲ့ ဂယ်ရီနဗီးလ်

မန်ယူနောက်တန်း ကစားသမားဟောင်း ဂယ်ရီနဗီးလ်ကို ဗလင်စီယာက ရာသီကုန်အထိ နည်းပြတာဝန်ခန့်အပ်လိုက်ပြီ ဖြစ်ပါတယ်။ နဗီးလ်က သူရဲ့ ဗလင်စီယာအသင်းကို ခြောက်လအတွင်း ချန်ပီယံလိဂ်ဝင်ခွင့်နေရာရအောင် ကြိုးစားပေးနိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အင်္ဂလန်နည်းပြ ရွှိုင်ဟော့ဆင်ကတော့ ဂယ်ရီနဗီးလ်ရဲ့ဆုံးဖြတ်ချက်ကို ရာခိုင်နှုန်းပြည့် ထောက်ခံတယ်လို့ ပြောဆိုလိုက်ပါတယ်။ အင်္ဂလန်နောက်တန်းကစားသမား ဂယ်ရီနဗီးလ်က ဗလင်စီယာအသင်းမှာ လက်ထောက်နည်းပြလုပ်နေသော ညီဖြစ်သူ ဖီးလ်နဗီးလ်နဲ့အတူ လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ အသက် ၄၀ အရွယ်သာရှိသေးတဲ့ ဂယ်ရီနဗီးလ်ဟာ အနာဂတ်မှာ အင်္ဂလန်နည်းပြနဲ့ မန်ယူနည်းပြဖြစ်ဖို့လည်း မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းအနေနဲ့ ဇယားနံပါတ်(၉)မှာရှိနေပါတယ်။ ဘောလုံးသမိုင်းမှာ ဂယ်ရီနဗီးလ်နဲ့ ဖီးလ်နဗီးလ်တို့ဟာ လူသိများတဲ့ ညီအစ်ကိုပါ။ သူတို့ဟာ ဗလင်စီယာမှာလည်း နည်းပြညီအစ်ကို ဖြစ်လာပါတယ်။

## ဒဏ်ရာတွေနဲ့ ခြေစွမ်းပြနေတဲ့ စတာရစ်

ဒဏ်ရာတွေနဲ့ ပြန်လာတဲ့ စတာရစ်ဟာ ဆောက်သမ်တန်နဲ့ ကစားတဲ့ပွဲမှာ အနိုင်ဂိုးနှစ်ဂိုးသွင်းယူပေးပြီး ခြေစွမ်းပြကစားခဲ့ပါတယ်။ နည်းပြဂျာဂျင်ကလော့ကတော့ စတာရစ်ကို ဒဏ်ရာတွေရထားလို့ စိုးရိမ်နေတာပါ။ သို့ပေမယ့် စတာရစ်က ခြေစွမ်းပြကစားပြီး အနိုင်ဂိုး နှစ်ဂိုးသွင်းယူသွားခဲ့တာပါ။ အချိန်ကာလကြာမြင့်စွာ ဒဏ်ရာတွေကြောင့် အနားယူထားရတဲ့ စတာရစ်ဟာ ယခုနှစ်ရာသီမှာတော့ ငါးပွဲမြောက် ပါဝင်ကစားခဲ့ခြင်းဖြစ်ပါတယ်။ နည်းပြဂျာဂျင်ကလော့ကတော့ ပြီးခဲ့တဲ့အပတ်က ပြန်လည်ကစားနိုင်ခဲ့တဲ့ စတာရစ်ကို ဒဏ်ရာတွေ ရပြီးရင်း ရနေတဲ့အတွက် သင်ခန်းစာမရသေးဘူးလားလို့ မေးခွန်းထုတ်ခဲ့ပါတယ်။ အင်္ဂလန်တိုက်စစ်မှူး စတာရစ်ဟာ ပရီမီယာလိဂ်မှာ အဂူရိုပြီးရင် ဂိုးသွင်းအဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးဖြစ်တယ်လို့ ဆိုပါတယ်။ စတာရစ်ပြန်ကစားနိုင်ခြင်းဟာ နည်းပြ ဂျာဂျင်ကလော့အတွက် ရလဒ်ကောင်းတွေ ပြန်လည်ရရှိအောင် ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။




မြင့်မောင်စိုး ➤ စုစည်းသည်



## စွမ်းအားမြင့်မီးဖိုများ အခမဲ့ထောက်ပံ့

**ခင်ဦး ဒီဇင်ဘာ ၄**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော၊ သစ်ပင်များပြုန်းတီးမှုကို လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးမရသော ကျေးရွာဆယ်ရွာမှ ကျေးလက်နေအိမ်ထောင်စုများအတွက် စွမ်းအားမြင့်မီးဖိုများကို ဒီဇင်ဘာ ၂ ရက်က အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

စွမ်းအားမြင့်မီးဖိုများကို စည်ပုတ္တရာကျေးရွာသို့ အလုံး ၅၀ ၊ ပေကုန်းကျေးရွာသို့ ၆၅ လုံး၊ သရက်ကန်ကျေးရွာသို့ ၆၅ လုံး၊ ဂျပို့ကျေးရွာသို့ အလုံး ၆၀၊ ငှက်ပျောရွာသို့ ၇၅ လုံး၊ ပေါက်သင့်တုံကျေးရွာသို့ အလုံး ၆၀၊ ကျွန်းပင်ကန်ကျေးရွာသို့ ၆၆ လုံး၊ တံတားဦးကျေးရွာသို့ ၂၃ လုံး၊ ညောင်ကန်ကျေးရွာသို့ အလုံး ၆၀၊ ကွမ်းတိုင်းကျေးရွာသို့ ၇၆ လုံး စုစုပေါင်း အလုံး ၆၀၀ ကို ပေးအပ်ခဲ့သည်။ စွမ်းအားမြင့်မီးဖိုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးစောဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးစိုးဟန်နှင့် ဦးဝင်းကျော်သူတို့က ကျေးရွာများသို့အရောက် ကွင်းဆင်း၍ ကျေးရွာပြည်သူများရှေ့၌ မဲစနစ်ဖြင့်ရွေးချယ်ကာ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# သမိုင်းဝင် ရွှေမြင်းဖြူစေတီ၌ စာရေးတံမဲပွဲနှင့် ဆွမ်းလောင်းပွဲကျင်းပ

**ကနီ ဒီဇင်ဘာ ၄**

ကနီမြို့၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော သမိုင်းဝင်ရွှေမြင်းဖြူစေတီဘုရား၌ မြို့နယ်လုံးဆိုင်ရာ အညာဒေသ စာရေးတံမဲပွဲနှင့် ဆွမ်းလောင်းလှူပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်တွင်ကျင်းပရာ ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်က စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

စာရေးတံမဲပွဲနှင့် ဆွမ်းလောင်းလှူပွဲတွင် ကနီမြို့နယ်အတွင်း ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များကိုပင့်ဖိတ်၍ မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက အရဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ယခုနှစ် ဆွမ်းဆန်စိမ်းလောင်လှူပွဲတွင် ကနီမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၈၀ မှ သံဃာတော်အပါး ၁၁၀ နှင့် သီလရှင်များအား စုပေါင်းဆွမ်းလောင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကနီမြို့သူမြို့သားများသည် မင်္ဂလာပွဲကျင်းပပြုလုပ်ပြီးတိုင်း ရွှေမြင်းဖြူဘုရားနှင့် ရွှေမြင်းဖြူဘိုးဘိုးကြီးကို ကန်တော့ပွဲများနှင့် ပူဇော်လေ့ရှိကြသလို အဝေးရောက် ကနီမြို့သူမြို့သားများကလည်း တစ်နှစ်တစ်ခေါက် သို့မဟုတ် သုံးနှစ်တစ်ခေါက်နီးပါး လာရောက်ပူဇော်ကြသော အစဉ်အလာများရှိနေသဖြင့် ယခုဘုရားပွဲတော်ရက်တွင် ဆွမ်းလောင်းလှူသူများ၊ နတ်ပွဲလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မန္တလာရွှေပြည်ကားအသင်းက လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီးနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**သပိတ်ကျင်း ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် ပြေးဆွဲလျက်ရှိသည့် မန္တလာရွှေပြည်ကားအသင်းက တကောင်းမြို့ရှိ စေတနာလူမှုကူညီရေးအသင်း၏ လုပ်ငန်းများတွင်အသုံးပြုရန်အတွက် လူနာတင်ယာဉ်တစ်စီးနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့အခြေစိုက် မန္တလာရွှေပြည်ကားအသင်းမှ အုပ်ချုပ်ရေးမှူးများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မှူးယာဉ်နောက်လိုက်များ၊ အသင်းသားများ စုပေါင်း၍ သပိတ်ကျင်းမြို့နယ် တကောင်းမြို့ရှိ ရွှေဇာလီကျောင်းတိုက်တွင် နိုဝင်ဘာ ၂၅ ရက်က သံဃာတော်အပါး ၈၀ အား အရုဏ်ဆွမ်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆက်လက်၍ တကောင်းမြို့




စေတနာလူမှုကူညီရေးအသင်းသို့ Super Custom လူနာတင်ယာဉ်နှင့် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**







အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ | အပိုလက်ဆောင်
၁,၀၀၀ ကျပ် | ၂၀၀ ကျပ်
၃,၀၀၀ ကျပ် | ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် | ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် | ၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် | ၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၈/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Multi Grade Diesel Engine Oil 15 W 40 CF4/SG (40) Drums Open Tender No.MPPE/POL/T/1 (2015-2016) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်ပိတ်မည့်အချိန်** - ၁၆-၁၂-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာနမှ (ဒုတိယအကြိမ်) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ပြင်ထိန်း) ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော တည်ဆောက်ရေးပစ္စည်း (ကျောက်ရွယ်စုံ၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း)များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်ပစ္စည်းအသေးစိတ်စာရင်းများကို လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဖလမ်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၄၀၀၅၈ တွင် ၅-၁၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၁၂-၂၀၁၅ ရက် ၁၆း၃၀ နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၀-၁၂-၂၀၁၅ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

**တင်ဒါစိစစ်ရေးကော်မတီ**

## ပဲခူးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉၊ ၁၀ရက်တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ (အတွင်း+အပြင်) ဓာတ်ပုံမှတ်တမ်းရိုက်ကူးရေး လုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို ၁၄-၁၂-၂၀၁၅ ရက်မှ စတင်၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြင့် ဌာနမှူး (ဘဏ္ဍာ)ရုံးခန်းတွင် မိမိတို့လုပ်ကိုင်လျက်ရှိသည့် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၃၁-၁၂-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလျှောက်လွှာ တစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ပဲခူးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူစိစစ်ရေးကော်မတီသို့ လာရောက်တင်သွင်းရမည်။ ၃၁-၁၂-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီတွင် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၅၂-၂၂၃၀၀၂၊ ၀၅၂-၂၂၃၀၁၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့၊ ပဲခူးတက္ကသိုလ်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## (ကုန်သွယ်မှုပညာပေးရေးဌာနခွဲ)
## ကုမ္ပဏီကိုယ်စားလှယ်များအတွက်
## ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၁)
## သင်တန်းသားများခေါ်ယူခြင်း

(က) သင်တန်းကာလ - ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ၂ ပတ်ကြာ
(ခ) သင်ကြားမည့်ရက် - ရက်သတ္တပတ် (၂)ပတ် (တနင်္လာနေ့မှ သောကြာနေ့အထိ)
(ဂ) သင်တန်းအချိန် - နံနက် ၉း၄၅ နာရီမှ ၁၂း၃၀ နာရီအထိ
(ဃ) လက်ခံသင်ကြားမည့်ဦးရေ - ၅၀ ဦး
(င) ပညာအရည်အချင်း - အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(စ) သင်တန်းတည်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် ၃၊ ညီလာခံခန်းမ
(ဆ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပါရှိရမည့်အချက် - ဓာတ်ပုံသုံးပုံ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သက်ဆိုင်ရာကုမ္ပဏီ၏ထောက်ခံချက်
(ဇ) သင်တန်းကြေး - တစ်ဦးလျှင် ကျပ် ၃၀၀၀ိ/-
(ဈ) ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၈၄၁၃၊ ၄၀၈၂၄၁၊ ၄၀၈၄၁၂၊ Fax ၄၀၈၂၆၀

**မှတ်ချက်။** ။သင်တန်းဝင်ခွင့်ပုံစံများကို သင်တန်းတည်နေရာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲနှင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်မှုသင်တန်းကျောင်းတို့တွင် ဖြည့်စွက်၍ စာရင်းပေးသွင်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ် တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ၉ခ/၇၄၈၉ နီဆန်ဒီဇယ်အမျိုးအစား (၁၂)ဘီးကား (၁)စီး၊ ၉ဌ/၁၂၈၃၂ ချန်ချိုင်းအမျိုးအစား (၆)ဘီးတပ် လယ်ယာသုံးထရပ်(၁)စီး၊ ၉ဌ/၈၄၃၉ ထရပ်အမျိုးအစား ထော်လာဂျီ၊ ဆိုင်ကယ်မျိုးစုံ(၂၇)စီး၊ ဆိုင်ကယ်ကာဘာ ပါကင်ထုပ်(၁၀)ထုပ်၊ အင်ဂျင်(၈)ထုပ်၊ ဖရိန်(၈)ထုပ်၊ ဆိုင်ကယ်ဘီး(၁၆)ဘီးတို့အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများအား ကသာခရိုင်တရားရုံးသို့ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၇-၁၂-၂၀၁၅ရက်မှ ၁၈-၁၂-၂၀၁၅ရက်ထိ
**တင်ဒါသွင်းရမည့်နောက်ဆုံးရက်** - ၂၃-၁၂-၂၀၁၅ ရက် (ကသာခရိုင်တရားရုံး)သို့ တင်သွင်းရန်
**တင်ဒါဖွင့်မည့်ရက်** - ၂၃-၁၂-၂၀၁၅ ရက် နံနက် ၁၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၅-၂၅၀၂၆၊ ၀၇၅-၂၅၀၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မိဘအမည်မှန်**

တန့်ယန်းမြို့၊ အထက(၂) နဝမတန်း(က)မှ မညွန့်ညွန့်ဝေနှင့် မညီညီထွေးတို့၏ မိဘအမည်မှန်မှာ ဦးသိန်းမင်း ၅/စကန(နိုင်)၁၅၇၆၂၇ နှင့် ဒေါ်နော်အေးမေ ၁၃/တယန(နိုင်)၀၂၅၆၈၀ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)
## ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့
## စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (မဟာဘွဲ့) စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၃)ပုံ (ဓာတ်ပုံတွင်လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်တို့ကို ပူးတွဲ၍ ၁-၁၂-၂၀၁၅ ရက်မှ ၁၅-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး သတ်မှတ်ဘွဲ့ကြေးများကို လျှောက်လွှာရှင် စာမေးပွဲအောင်မြင်ခဲ့သည့် ပဲခူးတက္ကသိုလ်(ငွေလက်ခံဌာနတွင်)ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို (ငွေလက်ခံဌာန၊ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး)သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ပညာသင်နှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်သော်လည်း ဘွဲ့ဆိုင်ရာ ကျသင့်ငွေ ပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း ပဲခူးတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို လျှောက်ထားသူ တက်ရောက်ရမည့် ဘွဲ့နှင်းသဘင်ပြီးဆုံးသည့်နောက်ပိုင်းကာလတွင် ပဲခူးတက္ကသိုလ်၌ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

### စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

**စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင် ၉-၁-၂၀၁၆ ရက်၊ (စနေနေ့) (ပထမနေ့)**

| | |
|---|---|
| **(က) နံနက်ပိုင်းအစီအစဉ်** | **နံနက် ၉း၀၀ နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | (သမိုင်း) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ရုက္ခဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (အင်္ဂလိပ်စာ) |
| သိပ္ပံရိုးရိုးဘွဲ့ | (ဓာတုဗေဒ) |
| **မွန်းလွဲပိုင်းအစီအစဉ်** | **မွန်းလွဲ ၁း၀၀ နာရီ** |
| မဟာသိပ္ပံဘွဲ့ | (ရူပဗေဒ၊ သင်္ချာ) |
| မဟာဝိဇ္ဇာဘွဲ့ | (မြန်မာစာ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (သင်္ချာ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (မြန်မာစာ၊ ဒဿနိကဗေဒ) |
| သိပ္ပံရိုးရိုးဘွဲ့ | (သင်္ချာ) |

**စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင် ၁၀-၁-၂၀၁၆ ရက်၊ (တနင်္ဂနွေနေ့) (ဒုတိယနေ့)**

| | |
|---|---|
| **(ခ) နံနက်ပိုင်းအစီအစဉ်** | **နံနက် ၉း၀၀ နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | (ပထဝီဝင်) |
| မဟာသိပ္ပံဘွဲ့ | (ဓာတုဗေဒ၊ သတ္တဗေဒ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (ပထဝီဝင်) |
| သိပ္ပံရိုးရိုးဘွဲ့ | (ရူပဗေဒ) |
| **မွန်းလွဲပိုင်းအစီအစဉ်** | **မွန်းလွဲ ၁း၀၀ နာရီ** |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | (သမိုင်း) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (သမိုင်း) |
| သိပ္ပံရိုးရိုးဘွဲ့ | (သတ္တဗေဒ၊ ရုက္ခဗေဒ) |

၁၁။ **အစမ်းလေ့ကျင့်ရက်**

၇-၁-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီတစ်ကြိမ်၊ မွန်းလွဲ ၁း၀၀ နာရီတွင် တစ်ကြိမ် ကျင်းပမည်။ အသေးစိတ်အစီအစဉ်ကို ပဲခူးတက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

၁၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်တက်ရောက်ကြရမည်။ (အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)။

၁၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၅-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီမှ စတင်၍ ပဲခူးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၁၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၅၂-၂၂၃၀၀၂၊ ၀၅၂-၂၂၃၀၁၃၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(မွန်နိုင်)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**

## အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့တောင်ပိုင်း၊ သကြားစက်လမ်း၊ အိမ်အမှတ် ၁၃/၂ နေ သားဖြစ်သူ ရာဂျေ(စ်)ကူမာရ် (Pyu-191422) အား ၁၆-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ တွင် သားအဖြစ်မှစွန့်လွှတ်ခြင်းကြော်ငြာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာလိုက်ပါသည်။

**မိခင်- ဒေါ်ဟောဝန်သီး (ဇေယျာဝတီမြို့)**
**၇/ဖမန(နိုင်)၀၀၄၀၅၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အငယ်တန်းအင်ဂျင်နီယာ-၂ (လစာနှုန်း-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၁)နေရာ ခန့်ထားမည်ဖြစ်ပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

| ရာထူး | ပညာအရည်အချင်း | အရေအတွက် |
|---|---|---|
| အငယ်တန်းအင်ဂျင်နီယာ-၂ | B.E (Civil) ဘွဲ့ရရှိသူ | ၁ဦး |

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမျိုးသားဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

၃။ **လျှောက်လွှာတွင်**
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာ
(စ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံဖော်ပြလျက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ၂၁-၁၂-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားရမည်။

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်။**
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်း
(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (နှစ်လအတွင်း ရိုက်ကူးထားသော)
(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

၅။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် (၃)နာရီ မေးခွန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၈-၁၂-၂၀၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ်များကို ဝန်ထမ်းရေးရာဌာနတွင် ၂၄-၁၂-၂၀၁၅ ရက် ထုတ်ပေးမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၆။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၅၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot) အလိုက် ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Consumable & Refractory | 11 |
| 2 | Convoyer Belt | 5 |
| 3 | Inverter | 2 |
| 4 | ကြွေသီး Surge Arrester | 2 |
| 5 | Motor | 1 |
| 6 | UPS Battery နှင့် Battery Block | 2 |
| 7 | Contactor | 5 |
| 8 | Control Card | 4 |
| 9 | Display | 4 |
| 10 | Switch | 8 |
| 11 | Tester | 2 |
| 12 | Fuse | 4 |
| 13 | Cable & Tube | 6 |
| 14 | Hose | 31 |
| 15 | Filter | 6 |
| 16 | Refractory Castable | 12 |
| 17 | Relay | 5 |
| 18 | Hose | 32 |
| 19 | Graphite Electrode | 2 |
| 20 | Transmitter | 2 |
| 21 | Solenoid Valve & Solenoid Coil | 14 |
| 22 | Hydraulic Pump | 2 |
| 23 | Hydraulic Valve | 4 |
| 24 | Hydraulic Cylinder | 2 |
| 25 | Consumable | 8 |
| 26 | Machine Spare | 9 |
| 27 | Pneumatic Piston & Actuator | 2 |
| 28 | Impeller | 2 |

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၇-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

**ပျောက်ဆုံး**

ကျွန်တော် သန်းထွန်း CDC 37995 မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၃၇၄၄၆၏ MFAလက်မှတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၇၃၀၂၇၉၆၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်လျှောက်ထားလာသူများ၏**
**အလုပ်ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများစာရင်းနှင့်**

## လူတွေ့စစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် ၂၅-၇-၂၀၁၅ ရက် နှင့် ၂၆-၇-၂၀၁၅ရက်၌ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် နေပြည်တော်စာစစ်ဌာနများတွင် အရည်အချင်းစစ်(ရေးဖြေ) စာမေးပွဲ ဖြေဆိုခဲ့ကြသော B.E(Civil), B.E(IT), B.C.Sc, B.C.Tech, B.Com, B.Tech (EP) ဘွဲ့ရများအနက် အောင်မြင်သူ ၂၄၇ ဦးအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း သက်ဆိုင်ရာစာစစ်ဌာနအလိုက် လူတွေ့စစ်ဆေးမှုပြုလုပ်မည် ဖြစ်ကြောင်းနှင့် ရေးဖြေအောင်စာရင်းနှင့် လူတွေ့စစ်ဆေးမှုအစီအစဉ်အား နီးစပ်ရာကွန်ပျူတာ တက္ကသိုလ်/နည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့် ကျောင်းများတွင် ကြေညာထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**နေ့ရက်** - ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၉ရက် (စနေနေ့)
**အချိန်** - နံနက် ၉နာရီ
**နေရာ** - နေပြည်တော်
- မန္တလေးနည်းပညာတက္ကသိုလ်
- ရန်ကုန်နည်းပညာတက္ကသိုလ်

၂။ လူတွေ့ဖြေဆိုမည့်သူများသည် မိမိတို့ရေးဖြေဖြေဆိုခဲ့သည့် သက်ဆိုင်ရာ စာစစ်ဌာနများသို့ ၁၈-၁၂-၂၀၁၅ရက်မှစ၍ သတင်းပေးပို့နိုင်ပြီး လူတွေ့စစ်ဆေးမည့် ၁၉-၁၂-၂၀၁၅ရက်တွင် နံနက် ၈နာရီအရောက် သတင်းပို့ကြရန်ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၂၉-၁၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီ နောက်ဆုံးထား၍ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ |
|---|---|---|---|
| ၁ | ၆/၂၀၁၅ | ဖလက်မ သံပိုက်အဟောင်း (၄၃၈၀.၁)ပေ | Depot (1) မင်္ဂလာဒုံ |
| ၂ | ၇/၂၀၁၅ | ပွန်တွန်းအဟောင်း (၈၀'×၁၈'×၇')<br>ပွန်တွန်းအဟောင်း (၈၀'×၂၀'×၇') | ခနိတောပင်မဌာနကြီး |
| ၃ | ၈/၂၀၁၅ | အဆင့်ချပြီးပီပါခွံအဟောင်း (၇၀၂၇)လုံး | ခနိတောပင်မဌာနကြီး၊မန္တလေးပင်မဌာနကြီး၊ချောက်ပင်မဌာနကြီး၊ ပုသိမ်ဌာနခွဲ၊ ထားဝယ်လေယာဉ်ဆီဌာနစိတ်၊ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၁၆၀) ဟင်းငုတ်ပင်နှင့် (၀၁၉၂) ပဲခူးမြို့ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၇-၁၂-၂၀၁၅ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ခနိတောနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၇-၄၁၁၄၈၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)**
**(လစာနှုန်းထား-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)**

## ရာထူးနေရာအတွက် လျှောက်လွှာများခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)ရာထူးနေရာများတွင် ဝန်ထမ်းဦးရေ ၃၀၀၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)ရာထူးအတွက်-

၁။ လျှောက်ထားသူသည် အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။

၂။ လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)အဖြစ် အနည်းဆုံးနှစ်နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နှစ်နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေကျပ်တစ်သိန်း ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်မှာ ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့)ဖြစ်ပါသည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂-၁-၂၀၁၆ရက်(စနေနေ့)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ တစ်ပြိုင်နက်တည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် အခြေခံပညာအထက်တန်းအဆင့် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတကိုပေါင်း၍ မေးခွန်းလွှာတစ်ခုတည်းနှင့် စစ်ဆေးမည်ဖြစ်ပြီး ဖြေဆိုချိန် နှစ်နာရီဖြစ်ပါသည်။

၇။ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူစာရင်းကို ၈-၁-၂၀၁၆ရက်(သောကြာနေ့)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် ကြေညာမည်ဖြစ်ပြီး နှုတ်ဖြေစာမေးပွဲကို ၁၁-၁-၂၀၁၆ရက် (တနင်္လာနေ့)မှစတင်၍ ကျင်းပမည်ဖြစ်ပါသည်။

၈။ ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲအောင်မြင်သည့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် လစ်လပ်သည့်နေရာများတွင် ဘက်စုံအခြေခံကျန်းမာရေးဝန်ထမ်း လစာနှုန်း(၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) အဖြစ် အစမ်းခန့်ထားမည်ဖြစ်ပါသည်။

၉။ ဘက်စုံအခြေခံကျန်းမာရေးဝန်ထမ်းများအဖြစ် ခန့်အပ်ခြင်းခံရပြီးပါက တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ဖွင့်လှစ်မည့် တိုင်းဒေသကြီး/ ပြည်နယ်အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းကို On Duty ဖြင့် အချိန်ပြည့် တက်ရောက်ရမည်ဖြစ်ပါသည်။ သင်တန်းပြီးမြောက်အောင်မြင်ပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)(လစာနှုန်းထား-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)အဖြစ် တိုးမြှင့်ခန့်ထားပေးမည်ဖြစ်ပါသည်။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်နန်းစိန်နု ၁၂/ဒဂန(နိုင်)၀၁၃၂၂၄ ၏ နိုင်ငံကူးလက်မှတ် (No-A 344604) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၄၁၁၁၁၄**

**ယခင်အစိုးရအထက်တန်းကျောင်း အထက(၁) မော်လမြိုင်ကျွန်းမြို့**

## (၃၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၁) မော်လမြိုင်ကျွန်းမြို့ ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် မော်လမြိုင်ကျွန်းမြို့ အထက(၁)ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် အသက်(၆၀) ပြည့် (သက်ပြည့်)ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခံကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများလည်း တက်ရောက်ပူဇော်ကြပါရန် ကျင်းပရေးကော်မတီမှ ဖိတ်ကြားအပ်ပါသည်။

**အလှူငွေထည့်ဝင်လိုသူများ ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ဦးစံသိန်း | ဖုန်း-၀၉-၇၈၂၉၉၉၇၇၂၊ | ဦးချိုဝင်း | ဖုန်း-၀၉-၇၉၆၁၆၁၉၀၀၊ |
| ဦးသောင်းဦး | ဖုန်း-၀၉-၉၃၈၉၉၁၅၁၊ | ဦးထွန်းလွင် | ဖုန်း-၀၉-၄၂၂၄၈၉၂၀၈၊ |
| ဦးခင်မောင်သွင် | ဖုန်း-၀၉-၈၅၉၈၀၉၇၊ | ဦးထွန်းဝေ | ဖုန်း-၀၉-၅၀၁၀၉၅၅ |

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဝိုင်းစန္ဒီ ၇/ကပက(နိုင်) ၀၈၅၁၇၂၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၄၁၄၆၁၆**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2I-3085 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ် ၂၇၊ မူလွန်မြို့သစ်၊ သတ္တမတန်းမှ မောင်အောင်မျိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/မထလ(နိုင်)၁၆၈၃၀၆ ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း ၉/မထလ(နိုင်)၁၆၈၃၀၆**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ် ၂၇၊ မူလွန်မြို့သစ်၊ ဆဋ္ဌမတန်းမှ မောင်ဖိုးလပြည့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းထူး ၉/ကပတ(နိုင်)၂၄၂၇၇၄ ဖြစ်ပါကြောင်း။

**ဦးဆန်းထူး ၉/ကပတ(နိုင်)၂၄၂၇၇၄**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက်တန်းကျောင်း၊ အဋ္ဌမတန်း(E) မှ မောင်ကောင်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်လင်း ၁/ဗမန(နိုင်)၀၂၈၉၀၃ ဖြစ်ပါသည်။ **ဦးဇော်နိုင်လင်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက်တန်းကျောင်း၊ အဋ္ဌမတန်း(A) မှ မသဇင်ဦးနှင့် ဆဋ္ဌမတန်း(B) မှ မောင်နိုင်လင်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၁/ဝသန(နိုင်)၀၀၈၃၂၁ ဖြစ်ပါသည်။

**ဦးမြင့်လွင်**

**ငှားမည်**

ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမ၊ ရွှေစပယ်ရိပ်မွန်အိမ်ရာ (မြေညီ)။

**ဖုန်း-၀၉-၇၃၂၂၀၆၃၅**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)**

## (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားခြင်း

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ၊ ကျဆုံး/ကွယ်လွန်သွားကြသော သူငယ်ချင်းအရာရှိများ၏ဇနီးများ တက်ရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

(က) **ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။** ကွယ်လွန်ဆရာများ၊ ကျဆုံး/ကွယ်လွန်သူငယ်ချင်းများအား ရည်စူး၍ ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုများလှူဒါန်းပါမည်-
 (၁) **နေ့ရက်/အချိန်** - ၁၁-၁၂-၂၀၁၅ ရက် (သောကြာနေ့) (၀၉း၃၀)နာရီ
 (၂) **နေရာ** - သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း(ဂေါပကရုံး)
(ခ) **မိတ်ဆုံစားပွဲ**
 (၁) **နေ့ရက်/အချိန်** - ၁၂-၁၂-၂၀၁၅ ရက် (စနေနေ့) (၀၉း၃၀)နာရီ
 (၂) **နေရာ** - အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)အမှတ်(၈၈)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

၂။ **ဆက်သွယ်ရန်-** ဦးယဉ်မောင်စိန် ဖုန်း-၀၉-၅၀၆၄၇၉၅၊ ဦးတင်ဝမ်းမောင် ဖုန်း-၀၉-၈၅၀၁၃၉၆၊ ဦးသိန်းကြိုင် ဖုန်း-၀၉-၇၉၅၉၇၂၀၀၄၊ ဦးလှထွန်း(၁) ဖုန်း-၀၉-၉၇၉၆၃၀၉၂၅၊ ဦးလှထွန်း(၂) ဖုန်း-၀၉-၅၀၁၅၀၄၈

**(၁၉၉၄ ခုနှစ်၊ ၁၀တန်းအောင်)၊ ၂၀၀၂ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ၊ ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ**

သူငယ်ချင်းတို့ရေ – ဒို့တစ်တွေရဲ့ ဒုတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၆-၁၂-၂၀၁၅(စနေနေ့)၊ နံနက် (၉း၃၀ မှ ၁၁း၃၀ ထိ) နီလာရတုခန်းမ၊ စီးပွားရေးတက္ကသိုလ်(ပင်မ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ တစ်ဆက်တည်းမှာပဲ မိတ်ဆုံညစာစားပွဲကို ညနေ (၆း၀၀ မှ ၁၀း၀၀ ထိ)၊ကန်တော်ကြီး Dolphin Restaurant တွင် ပျော်ရွှင်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်လာရောက်ကြပါရန် ခင်မင်စွာဖိတ်မန္တကပြုလိုက်ပါတယ်။

**အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက KBZ Bank(ကမာရွတ်ဘဏ်ခွဲ)၊ Account No. 021102 06003 556201သို့ လည်းကောင်း၊ အောက်ပါသူငယ်ချင်းများထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။**

**ကိုအောင်မျိုးသူ -၀၉ ၇၈၅ ၁၃၅ ၈၀၀၊ ကိုသန်းထိုက်အောင်-၀၉ ၅၀၇ ၉၁၀၅၊ မချိုမာလွင် -၀၉ ၄၃၁၀ ၄၁၆၀၊ မနင်းပြုံးအေး -၀၉ ၄၉၅၇ ၄၂၄၄ မလှလှအေး -၀၉ ၅၄၀ ၈၁၂၀၊ မထွေးနန္ဒာ -၀၉ ၂၅၄၀ ၁၆၂၃၁၊ မစုစုလှိုင် -၀၉ ၂၆၀၂၄ ၉၇၉၇၊ မပြိုးသန္တာခိုင်- ၀၉ ၇၃ ၁၁၂၀၆**

**ခြံရောင်းမည်**

ညောင်တုန်းမြို့နယ်၊ နတ်ပေးအုပ်စု၊ ဖောင်ရိုးချောင်းတာကွေ့ကျေးရွာ၊ ရန်ကုန်-ပုသိမ် အမြန်ကားလမ်းမကြီးဘေး 44'x168' (၅၂၀ သိန်း)။ ဈေးနှုန်း ညှိနှိုင်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၅၄၀၈၉၆၀၊**
**၀၉-၄၀၀၀၃၉၅၃၀**

## (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၉ ရက်အထိ ၁၁ ရက်တိုင်တိုင် လွိုင်ကော်မြို့၊ ကန္တရဝတီပွဲတော်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ကယားပြည်နယ်နေ့ပွဲတော်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ နိုင်ငံကျော် အနုပညာရှင်များစွာပါဝင်သည့် စတိတ်ရှိုးပွဲ၊ အငြိမ့်ပွဲ၊ ကာယဗလမောင်နှင့် အလှမယ်ပြိုင်ပွဲများ၊ ဇာတ်သဘင်ပွဲများ၊ နောင်ယားကန်အတွင်း လှေလှော်ပြိုင်ပွဲ၊ တာဝေးစက်ဘီးစီးပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားနည်းမျိုးစုံ ပြိုင်ပွဲများထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်အတွင်း ရောင်းချမည့်ဈေးဆိုင်ခန်း လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ရောင်းချပေးမည်ဖြစ်ရာ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် ကယားပြည်နယ်နေ့ ပွဲတော်ကျင်းပရေး၊ ဆိုင်ခန်းများနေရာချထားရေးဆပ်ကော်မတီ ဖုန်း-၀၉-၅၂၈၀၃၈၁၊ ၀၈၃-၂၂၉၆၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကယားပြည်နယ်နေ့အခမ်းအနားကျင်းပရေးကော်မတီ**

## ပျဉ်းမနားဘိုးဘွားရိပ်သာနေပြည်တော် စေတနာရှင်(၂၀၀၀၀)အား ဖိတ်ခေါ်ခြင်း

ပျဉ်းမနားဘိုးဘွားရိပ်သာတွင် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းကို မူလအလှူရှင် လှူဒါန်းငွေကျပ် ၅၃ သိန်းဖြင့် ကုသခဲ့ရာ ၂၀၁၄ခုနှစ်မကုန်မီ ငွေကုန်၍ ရိပ်သာရန်ပုံငွေအဖြစ် စိုက်ထုတ်ကုသခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်အထိ လူနာ ၄၉၀၈ ကို ကုန်ကျငွေ ၁၀၄၈၇၃၇၀/-ကုန်ကျခဲ့ပါသည်။ စေတနာရှင် ဆရာဝန်၊ သူနာပြုတို့၏ မေတ္တာစေတနာကို လေးစားသောအားဖြင့် ဆက်လက်ဖွင့်လှစ်ကုသနိုင်ရန် မတည်ငွေ သိန်း ၁၀၀၀ ပြည့်အောင် အလှူရှင် ၂၀၀၀၀ အား အလှူရှင်တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်း လှူဒါန်းနိုင်ပါရန် မေတ္တာရပ်ခံပါသည်။ ပျဉ်းမနား မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် S.F.006482 သို့ ပေးပို့လှူဒါန်းပါရန်။

ပျဉ်းမနားအနီးက လှူဒါန်းလိုလျှင် ဖုန်း-၀၆၇-၂၁၀၉၉၊ ၂၁၈၃၁၊ ၂၂၂၉၂၊ ၂၁၃၈၀ နှင့် ၂၄၃၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ၊ ပျဉ်းမနားမြို့**

## ရန်ကင်း အထက(၁)ကျောင်းက သူငယ်ချင်းတို့ရေ–

၁၉၉၆ ခုနှစ်မှ ယခုထိ ကျောင်းတော်ကြီးမှခွဲခွာခဲ့ကြတဲ့ မျိုးဆက်သစ်ကျောင်းသားကျောင်းသူဟောင်းများရဲ့ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၇-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမှာဖြစ်တဲ့အတွက် သူငယ်ချင်းများ မပျက်မကွက်တက်ရောက်ကြပါရန် နှင့် အလှူငွေများကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါတယ်။

| | | | |
|---|---|---|---|
| သက်မင်းထွဋ်(၉၆) | ဖုန်း-၀၉-၃၃၂၁၂၂၀၇ | တင်နွယ်ဝင့်(၉၇) | ဖုန်း-၀၉-၇၉၅၅၇၀၀၉၃ |
| စိုင်းမျိုးညွန့်(၂၀၀၃) | ဖုန်း-၀၉-၅၁၃၃၃၉၈၇ | မြင့်မြင့်စိုး(၉၈) | ဖုန်း-၀၉-၄၂၀၀၀၄၀၄၅ |
| အေးမြတ်သူ(၉၉) | ဖုန်း-၀၉-၂၅၀၇၉၀၀၅၉ | ခိုင်စုစုမင်း(၂၀၀၀) | ဖုန်း-၀၉-၅၀၅၄၃၈၁ |
| သီရိစန္ဒာ(၂၀၀၂) | ဖုန်း-၀၉-၄၂၁၀၉၀၅၂၇ | ပြည့်ကျော်(၂၀၀၄) | ဖုန်း-၀၉-၅၁၇၉၃၉၈ |
| ခိုင်သဇင်ထွန်း(၂၀၀၈) | ဖုန်း-၀၉-၄၅၀၀၅၃၈၄၄ | ကောင်းသန့်(၂၀၀၅) | ဖုန်း-၀၉-၇၉၉၁၃၂၅၄၅ |
| ဟိန်းထက်ကိုကို(၂၀၁၄) | ဖုန်း-၀၉-၂၅၀၂၉၁၂၅၈ | မေမွန်ထက်(၂၀၀၆) | ဖုန်း-၀၉-၂၅၀၅၇၄၃၅၃ |
| မြင့်မြတ်စု(၂၀၁၂) | ဖုန်း-၀၉-၄၄၈၀၂၁၅၄၉ | မိုးသက်ထားရွှေစင်(၀၉) | ဖုန်း-၀၉-၄၂၀၀၀၈၁၉၀ |
| | | သီရိမြင့်ထူး(၂၀၁၀) | ဖုန်း-၀၉-၉၇၃၄၁၈၃၁၅ |

## အထက(၄) စစ်တွေ မြတ်ဆရာပူဇော်ပွဲ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက(၄)၏ ဒသမအကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်မြို့နှင့် စစ်တွေမြို့တို့တွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူအားလုံး မည်သည့်ခုနှစ်မဆို စုံစုံညီညီတက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ၁၃း၀၀ နာရီ
**နေရာ** - (၁) အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်
(၂) မဟာပညာကျော်ခန်းမ အထက(၄) စစ်တွေ

ဂါရဝငွေနှင့် ငွေပဒေသာပင်များကို ဖြစ်မြောက်ရေးကော်မတီသို့လည်းကောင်း ဆရာ ဆရာမများ ကျန်းမာရေး ရန်ပုံငွေအတွက် KBZ Bank A/C No. "00710200704 035901" သို့ လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။

**စစ်တွေ**

၁။ ကိုအောင်ကျော်စံ ဖုန်း-၀၉-၅၆၈၀၄၅၀
၂။ ကိုညီညီဌေး ဖုန်း-၀၉-၅၆၈၀၄၄၀
၃။ ကိုကျော်စောဝင်း ဖုန်း-၀၉-၄၉၆၄၀၅၂၀
၄။ ကိုထွန်းလင်းအောင် ဖုန်း-၀၉-၄၄၀၀၁၁၉၈၄
၅။ ကိုတင်ငြိမ်းဦး ဖုန်း-၀၉-၅၁၇၅၁၅၅
၆။ Dr. လတ်လတ်ထွန်း ဖုန်း-၀၉-၄၂၁၇၁၃၄၉၆

**ရန်ကုန်**

၁။ ဒေါ်မြသီတာ ဖုန်း-၀၉-၂၅၀၁၅၀၄၇၂
၂။ ဒေါ်ခင်မြနု ဖုန်း-၀၉-၅၀၂၄၃၄၅
၃။ ကိုကျော်နိုင် ဖုန်း-၀၉-၅၀၆၁၈၈၄
၄။ ကိုစံရွှေမောင် ဖုန်း-၀၉-၇၈၅၀၈၇၉၈၇
၅။ ကပ္ပတိန်စိုးဟန် ဖုန်း-၀၉-၅၀၂၉၇၇၀
၆။ ဒေါ်ကေသီဦး ဖုန်း-၀၉-၂၅၃၃၃၉၃၉၇
၇။ ဒေါ်သက်ထားလှိုင် ဖုန်း-၀၉-၂၅၄၀၄၀၄၀၄




## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မကျည်းပင်ပုရွာနေ မခိုင်ခိုင်ဝင်း ပဋ္ဌမတန်း(ကြက်ဖြူအလက)၏ ဖခင်အမည်မှန်မှာ ဦးချစ်ဆွေ ၉/မလန (နိုင်)၁၀၉၉၅၅ဖြစ်ပါကြောင်း။

**ဦးချစ်ဆွေ**

## အမည်ပြောင်းခြင်း

ဇလွန်မြို့၊ အထက မြို့မကျောင်းခွဲ စတုတ္ထတန်းမှ ဦးသောင်းနိုင်၏သား မောင်ဇေယျာလင်းအား မောင်နန္ဒအောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နန္ဒအောင်လင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဦးငဆိုးဖြူနှင့် ဦးငဘိုးဖြူ ၁၁/ရတန(နိုင်)၀၃၁၉၈၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငဆိုးဖြူ(ခ)ဦးငဘိုးဖြူ**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ အထက၊ သတ္တမတန်း(A)မှ ဦးဝင်းကို၊ ဒေါ်ဖြူမာခိုင်တို့၏ သမီးဖြစ်သူ မသွယ်ဦးမွန်အား မသဲစုစံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသဲစုစံ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၂၅၁၅၊ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ Golden Agro Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် Royal LF (RIF) 250, 3/w ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်သန်း ၆/ထဝန(နိုင်)၁၂၇၃၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၄၅၅၊ ဟွန်ဒါဝေ့(ဖ်) 100 ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်း ၁၀/ခဆန (နိုင်)၀၂၃၉၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၃၇၃၄၊ Honda Wave, S110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်စိုး ၉/ပသက(နိုင်)၀၁၄၇၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**


၂၀၁၆-ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ထူးချွန်အောင်မှတ်ရ လမ်းညွှန်

ထွက်ပြီ

ကျောင်းသားအများဆောင်
ရွှေလက်ဆောင်

အခန်းလိုက်အနှစ်ချုပ်မှတ်စုများ
မေးခွန်း(၅)စုံနှင့်အဖြေများ

တစ်ဘာသာ တစ်အုပ်ချင်း


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လှိုင်လင်ခရိုင်တရားမရုံး၌

၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၆

ဦးစိုင်းထွန်းဆာ
အိမ်အမှတ်(တ/၈၃)၊
ကံသာရပ်၊
တောင်ရပ်ကွက်၊ ဟိုပုံးမြို့

နှင့်

၁။ ဦးစိုင်းခမ်းလှိုင်
အိမ်အမှတ် (တ/၂)၊ မိုးဦးလမ်း၊
ရပ်ကွက် (၄) ပင်လုံမြို့။
၂။ ဦးစိုင်းထွန်းအောင်
ပိဋ္ဋကတ်ကျောင်းလမ်း၊ ရပ်ကွက်(၄)ပင်လုံမြို့။
၃။ ဒေါ်နန်းတင်တင်ဦး
၄။ ဒေါ်နန်းမြမြခိုင်
အမှတ် (၁၀)၊ ဖွံ့ဖြိုးလမ်း၊ ရပ်ကွက်(၄)၊
ပင်လုံမြို့။
(အမှတ်စဉ်-၃၊ ၄တို့မှာ လိပ်စာတူ)
၅။ ဒေါ်မိုးမိုးခိုင်(ယခင်က အမှတ် -၈၄၊ ၄၀လမ်း၊
အနောက်ပင်စင်၊ နယ်မြေ(၉)၊ ကျောင်းကြီးစု
ရပ်ကွက်၊ တောင်ကြီးမြို့)တွင်
နေထိုင်ပြီး ယခုလိပ်စာမသိ
၆။ ဒေါ်နန်းမြနု
(အမှတ် -၈၄၊ ၄၀လမ်း၊ အနောက်
ပင်စင်၊ နယ်မြေ (၉)၊ ကျောင်းကြီး
စုရပ်ကွက်၊ တောင်ကြီးမြို့)
(အမှတ်စဉ်-၅၊ ၆တို့မှာ လိပ်စာတူ)
၇။ ဦးစိုင်းလှမြင့်
၈။ ဦးစိုင်းဆိုင်
၉။ မနန်းဆု
၁၀။ မနန်းနွန်း
(အမှတ်စဉ်-၇၊ ၈၊ ၉၊ ၁၀တို့မှာ
လိပ်စာတူ) အမှတ် (တ/၆၆)၊
ကျူရုံးလမ်း၊ ရပ်ကွက် (၄)ပင်လုံမြို့။

**တရားလို** **တရားပြိုင်များ**

(ယခင်လိပ်စာ)အမှတ် -၈၄၊ ၄၀လမ်း၊ အနောက်ပင်စင်၊ နယ်မြေ (၉)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ဒေါ်မိုးမိုးခိုင် (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အိမ်အမှတ် (တ/၈၃)၊ ကံသာရပ်၊ တောင်ရပ်ကွက်၊ ဟိုပုံးမြို့နေ ဦးစိုင်းထွန်းဆာက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်ချို)**
**ခရိုင်တရားသူကြီး**
**လှိုင်လင်ခရိုင်တရားရုံး**

# တပ်မတော်ကို အရည်အချင်းပြည့်ဝပြီး အရည်အသွေးရှိသည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေချိန်ဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်အားလုံးကို ကြိုးကြိုးစားစားဆောင်ရွက်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးစဉ်။ (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၄**

တိုင်းပြည်ကို အေးချမ်းသာယာပြီး တိုးတက်စေလိုသော စိတ်ရှိသည့် နိုင်ငံသားတစ်ဦးအနေဖြင့် စည်းကမ်းရှိခြင်း၊ တရားမျှတခြင်း၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းခြင်း၊ ညီညွတ်မျှတသော ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ နိုင်ငံကြီးသားပီသခြင်း၊ အမျိုးဘာသာ သာသနာကို စောင့်ထိန်းခြင်း၊ မိမိစွမ်းရည်သတ္တိ ထက်မြက်အောင် ဆောင်ရွက်အသုံးချခြင်း၊ အကြီးအကဲ ဂုဏ်ပြည့်ဝအောင် ကျင့်ကြံဆောင်ရွက်ခြင်း၊ အတွေးအခေါ်များ အမြဲရှင်သန်အောင် ဆောင်ရွက်ခြင်းစသည့် လူတစ်ဦးချင်းဆိုင်ရာ ကျင့်ကြံအားထုတ်မှုတို့ကို အမိစစ်တက္ကသိုလ်က လေ့ကျင့်ပျိုးထောင်ပေးမှုများနှင့် ပေါင်းစပ်ပြီး မိမိဘဝ တိုးတက်မှုကို ထာဝရရှင်သန်အောင် နေထိုင်ကြိုးစားကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)ကမ်းခြေ၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## အများစိတ်ဝင်စားသည့် တိုင်စာများ ကွင်းဆင်းစစ်ဆေးဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြား

စာ-၁၀

## ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားဖြင့်ထိုးသတ်သူ တင်မြင့်(ခ) အေးလွင်အား ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက သေဒဏ်အမိန့် ယနေ့ချမှတ်

စာ-၁၂

## အာဆီယံမသန်စွမ်းခုနစ်ယောက် ဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်း ပွဲဦးထွက်ဂိုးပြတ်နိုင်

**စင်ကာပူ ဒီဇင်ဘာ ၄**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ခုနစ်ယောက်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားကွင်း၌ ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပွဲဦးထွက် အမှတ်ပြည့်ရရှိခဲ့သည်။

လက်ရှိချန်ပီယံ မြန်မာအသင်းမှာ ခြေအသာဖြင့် ကစားကာ မလေးရှားအသင်းကို ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားတို့ ငါးသင်းယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍



သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-aseanparagames

ပွဲဦးထွက်အနိုင်ရခဲ့သည့် ကစားသမားများ ပွဲအပြီး ပရိသတ်များအား နှုတ်ဆက်နေစဉ်။


**ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း**



ဆရာသောင်း (ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ မြန်မာ့အသံရေဒီယိုမှာလည်း ပြူးပဒေသာဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်နဲ့ ရေးနေပြီး မြို့မ(ရမည်းသင်း)တေးဂီတအဖွဲ့တွေမှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက်လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင်၊ အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကို ရောက်လာပြီး **"ဆရာ၊ ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ **"ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါး"**ကို ညအိပ်ယာဝင်တိုင်းလိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ၊ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ။ စာလည်းရေးနိုင်ပြီး သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ . . . **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်. . .

ဆရာသောင်း(ရမည်းသင်း)၊ အလီမွှာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။

ထပ်ဆင့်ထောက်ခံသူ ॥ ॥ ဒေါ်တင်နွဲ့ရီ၊ 'ရွှေမိုးငွေမိုး'ဗီနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)



Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း